# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday, 18 October 2025 ၁၁၉၇၄


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ -၂၁၇)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၇

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း(MIFA) နှင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ဟိန္ဒူမျိုးနွယ်စုများ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ■




**ဆီမီးထွန်းညှိ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြစဉ်။




ကြေးမုံ

# ပြည်သူများလူမှုစီးပွားဘဝမြင့်တင် စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်

"အစိုးရတစ်ရပ်ဆိုသည်မှာ နိုင်ငံတော်နှင့်ပြည်သူပြည်သားများ၏ လူမှုစီးပွားဘဝ တိုးတက်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ အလားတူ နိုင်ငံတော်လုံခြုံအောင်ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ နိုင်ငံတကာကလည်း မိမိတို့နိုင်ငံအပေါ် လူရိုသေ၊ ရှင်ရိုသေဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ ခိုင်မာသည့် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထုက အစိုးရအပေါ်မှာ ခိုင်ခိုင်မာမာယုံကြည်စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

အစိုးရတစ်ရပ်ဆိုသည်မှာ ကာလအပိုင်းအခြားတစ်ခုအတွင်း၌ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရသည့် နိုင်ငံတော်အဖွဲ့အစည်းတစ်ခုဖြစ်ရာ မည်သည့်အစိုးရ၊ မည်သည့်စနစ်ဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်သည်ဖြစ်စေ အရေးအကြီးဆုံးအချက်သည် နိုင်ငံတော်၏လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရေးကို အမှန်တကယ်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ ယခုနိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသော အစိုးရအနေဖြင့် ရွေးကောက်ပွဲအလွန်တွင် ပေါ်ပေါက်လာမည့် အစိုးရအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်အောင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သော နိုင်ငံဖြစ်သည်။ နိုင်ငံရှိလူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ကျန် ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်ကြသည်။ နိုင်ငံရှိ လူဦးရေအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသူများဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများလည်း "ကျွဲကူးရေပါ" ဆိုသလို လိုက်ပါမြင့်တက်လာမည်ဖြစ်သည်။ လူအများစုမှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသစီးပွားရေးကို မြှင့်တင်ပေးနိုင်လျှင် နိုင်ငံ့စီးပွားရေးလည်း တိုးတက်မြင့်မားလာပြီး ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ကို ချမှတ်ထားပြီး အကောင်အထည်ဖော်လျက်ရှိသည်။ သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေးဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ စိုက်ပျိုးမြေများ ကောင်းမွန်လာစေရေး၊ လိုအပ်သည့် မြေသြဇာများထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရေး၊ စိုက်ပျိုးရေကို အကျိုးရှိစွာအသုံးချရန်နှင့် နည်းစနစ်တကျ ဆောင်ရွက်ရန်လိုသည်။ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကိုယ်တိုင်လည်း အားကြိုးမာန်တက် လုပ်ကိုင်ကြရန်လိုအပ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုမှအပ အခြားလိုအပ်ချက်များကို နိုင်ငံတော်အပိုင်း၊ တောင်သူများအပိုင်းမှ ကြိုးပမ်းဖြေရှင်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် နေကြာတိုးချဲ့စိုက်ပျိုးခြင်းအပြင် ကော်ဖီတိုးချဲ့စိုက်ပျိုးရေးအတွက် စိုက်ဧကများ တိုးချဲ့ခွင့်ပြုပေးထားသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းဆီဖူလုံမှု လိုအပ်ချက်များရှိနေသောကြောင့် ပြည်ပမှ စားသုံးဆီတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ အပိုကုန်ကျမှုများရှိနေသည်။ ထို့ကြောင့် နေကြာဆီသီးနှံတိုးချဲ့စိုက်ပျိုးခြင်းကို အားပေးမြှင့်တင်ပေးနေသည်။ နေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီလိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည်။ ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသခံတောင်သူများသာမက နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးထုတ်ကုန်များကို တိုးချဲ့စိုက်ပျိုးမြှင့်တင်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာပြီး ပြည်သူ ပြည်သားများ၏ လူမှုစီးပွားဘဝများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## တံတားဦးမြို့နယ်၌ ကျေးလက်လမ်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းကြည့်ရှု

**တံတားဦး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် သားများဘကျေးရွာအဝင်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စန်းစန်းဝါတို့က အောက်တိုဘာ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်း၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**လှည်းကူး အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စိတ်ကြိုက်ပန်းချီဆွဲပြိုင်ပွဲ၊ လူငယ်စကားဝိုင်းနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက အထက (စာဘူးတောင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင် ဦးအောင်ဝင်းထူးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်တင်က မုဒိတာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့က စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက သဘာဝပတ်ဝန်းကျင်အကြောင်း အသိပညာပေးဟောပြောသည်။ ဆက်လက်ပြီး လူငယ်စကားဝိုင်း၊ စိတ်ကြိုက်ပန်းချီဆွဲပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်းခြင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ပြီး အထက(စာဘူးတောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်မော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့နံနက် ၈ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၂၄ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

### ၁၇ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၄၀၀ | ၁,၁၂၂ | ၉,၃၀၈,၉၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၃၀ | ၁၀၃,၅၀၀ |
| MCB | ၇,၉၀၀ | ၈,၁၀၀ | ၂၀ | ၁၆၀,၀၀၀ |
| FPB | ၂,၅၀၀ | ၂,၅၀၀ | ၄၆၄ | ၁,၁၆၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂၄ | ၆၅,၃၅၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၁,၅၃၈ | ၂,၈၆၅,၃၀၀ |
| AMATA | ၃,၄၀၀ | ၃,၄၅၀ | ၁၄၆ | ၅၀၃,၂၀၀ |
| MAEX | ၃,၄၀၀ | ၃,၃၅၀ | ၁,၇၂၉ | ၅,၈၆၆,၂၅၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၈ | ၂၁,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

■ ရှေ့ဖုံးမှ

အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့အား တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာ ဒီပါဝလီ အထိမ်းအမှတ် အခမ်းအနား မင်္ဂလာမုခ်ဦးကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာ ကဘူးများမှုတ်ခြင်း၊ မိုးပျံပူဖောင်းများ လွှတ်တင်ခြင်းများကို ဆောင်ရွက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဟိန္ဒူရိုးရာဆီမီးနံ့သာဖြင့် ကြိုဆိုကြစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့အား ဟိန္ဒူရိုးရာ ဆီမီးနံ့သာဖြင့် ကြိုဆိုကြပြီး ဟိန္ဒူရိုးရာတစ်ခုဖြစ်သည့် မွန်မြတ်ပြီး မင်္ဂလာရှိသော ဟိန္ဒူရိုးရာ Pur Kumbham (ပုရ်ဏကုမ္ဘမ်) ဖြင့်ဆုတောင်း ကြိုဆိုဂါရဝပြုကြသည်။ ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဒီပါဝလီ အထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးပြခန်းများ၊ စီးပွားရေးလုပ်ငန်းပြခန်းများနှင့် မျိုးနွယ်စုများ၏ ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို ပြဇာတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံနှင့်ဇနီး၊ တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြသည်။ ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံနှင့် ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း အတွင်းရေးမှူးနှင့်ဇနီးတို့က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့အား မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဟိန္ဒူရိုးရာ ဒီပါဝလီ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ရိုးရာမီးထွန်းပွဲတော်ဖြစ်ကြောင်း၊ "ဒီပ" ဆိုသည့်

စာမျက်နှာ ၄ သို့ ■






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့်ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့်ပန်းကုံးတို့ကို ဂါရဝပြုဆင်မြန်းပေးစဉ်။

■ စာမျက်နှာ ၃ မှ

မီးအလင်းရောင်နှင့် “အာဝလိ” ဆိုသည့် စီတန်းခြင်းဆိုသည့် အဓိပ္ပာယ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည့်အတွက် ဒီပါဝလီ ဆိုသည်မှာ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်ဟု သိရှိရကြောင်း၊ ဒီပါဝလီပွဲတော်စတင်ဖြစ်ပေါ်ခဲ့သည့် နောက်ခံသမိုင်းကြောင်းအနေဖြင့် ရာမမင်းမြတ်သည် ရာဝဏဟုခေါ်သည့် ဒဿဂီရိမင်းကိုနှိမ်နင်းပြီး စစ်ပွဲမှန်သမျှ ဘယ်သောအခါမှ အရှုံးမရှိသည့် အယုဒ္ဓယ နေပြည်တော်ကို ပြန်လည် ဝင်ရောက်လာသောအချိန်သည် သီတင်းကျွတ်လကွယ် မှောင်မိုက်နေသည့် ညအချိန်အခါဖြစ်သဖြင့် ဆီမီးများထွန်းညှိပြီး ရာမမင်းမြတ်ကို ဆီမီးအလင်းရောင်ဖြင့် ကြိုဆိုပူဇော်ကြရာမှ ဒီပါဝလီပွဲတော် စတင်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာသိရှိရကြောင်း။

ဆီမီး ပူဇော်ခြင်းအားဖြင့် အမှောင်များ ပျောက်ကွယ်ပြီး အလင်းများ ရောက်လာသကဲ့သို့ မကောင်းသည်များ ကွယ်ပျောက်ပြီး ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက် ရောင်ခြည်များ ပြန်လည်ပြည့်ဝလာစေရန်ဆိုသည့် ယုံကြည်ချက်များဖြင့် အခုကဲ့သို့ ဆီမီးပူဇော်ကြခြင်းဖြစ်ကြောင်း၊ ဟိန္ဒူဘာသာဝင်များအတွက် ဒီပါဝလီနေ့သည် အခါထူးရက်မြတ်ဖြစ်ခြင်းကြောင့် လုပ်ငန်းအသစ်စတင်ခြင်း၊ စာရင်းဟောင်းချုပ်ပြီး စာရင်းအသစ် စတင်ခြင်းများ ပြုလုပ်ပါက မျှော်မှန်းထားသည့်အတိုင်း အောင်မြင်သည်ဆိုသည့် ယုံကြည်မှုများနှင့် ဆောင်ရွက်ကြသည်ကိုလည်း သိရှိရကြောင်း၊ ယခုကျင်းပသည့် ဒီပါဝလီမီးထွန်းပွဲတော်ကြောင့် မိမိတို့နိုင်ငံတွင် ယခုအချိန်ကစပြီး ပိုမိုကောင်းမွန်တိုးတက်သည့် အခြေအနေကောင်းများ ရရှိခံစားနိုင်မည်ဆိုသည်ကို ယုံကြည်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့်မတူကွဲပြားသည့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမျိုးစုံ စုပေါင်းတည်ရှိသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများ၏ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်ပြီး တူညီသည့်အခွင့်အရေးများနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအလျောက် ဘာသာရေးပွဲတော်များကိုလည်း အနှစ်သာရရှိရှိကျင်းပဆောင်ရွက်သွားကြရန် လွန်စွာအရေးကြီးကြောင်း။

မတူကွဲပြားသည့် ဘာသာဝင်များအကြား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုသည့် ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီး သင့်မြတ်စွာ စုစည်းနေထိုင်ရန် လိုအပ်ကြောင်း၊ “စုပေါင်းညီညာ အောင်ကြောင်းဖြာ” ဆိုသည့် စကားအတိုင်း ဘာသာပေါင်းစုံ စုစည်းညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် အခြေခံမှုများဖြစ်သည့် ဘာသာပေါင်းစုံမှ ဘာသာဝင်များအချင်းချင်း အပြန်အလှန်လေးစားပြီး အတူတကွ အေးချမ်းစွာ နေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေး ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများအား ကူညီစောင့်ရှောက်ရန်၊ ဘာသာရေးနှင့်ဆက်နွှယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန် စသောကောင်းမွန်သည့် အခြေခံမှုများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့သည် အမိမြေပေါ်တွင် အတူတကွ ကြီးပြင်းလာကြသူများ ဖြစ်သည့်အတွက် တစ်ဦး၏ ယုံကြည်ရာ ဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက ပိုင်ဆိုင်သည့် ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာ သုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့် ဘာသာဝင်ပင် ဖြစ်ပါစေ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး နေထိုင်ကြရန်လိုကြောင်း၊ အဆိုပါစိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများမှ တစ်ဆင့် မြန်မာနိုင်ငံ၏ အကျိုးကို ဝိုင်းဝန်းသယ်ပိုးကြဖို့လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသား မိဘပြည်သူများ၏ အကျိုးအတွက် နိုင်ငံတော်ကို ပြည်သူလူထု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် လာမည့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစပြီး လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို စတင်ကျင်းပပေးတော့မည် ဖြစ်ကြောင်း၊ ထို့နောက် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် အစိုးရကို ဒီမိုကရေစီစံနှုန်းများနှင့် အညီ နိုင်ငံတော်တာဝန်လွှဲအပ် နိုင်ရေး ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စေရေး ယခုကဲ့သို့ အဖွဲ့အစည်း အသီးသီးကလည်း နိုင်ငံ့အကျိုးမျှော်ကိုးပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုကဲ့သို့ ဟိန္ဒူဘာသာဝင်တို့၏ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ပွဲကို ဦးစီးကျင်းပပေးခဲ့သည့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၊ မြန်မာ-အိန္ဒိယ ကုန်သည်ကြီးများနှင့် ဟိန္ဒူမျိုးနွယ်စုအသင်းအဖွဲ့များ အားလုံးကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ယခု ဒီပါဝလီပွဲတော်မှစပြီး မိမိတို့နိုင်ငံသားအားလုံး တစ်ဦးအပေါ် တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများ မျှဝေပေးပြီး အတိတ်ကမကောင်းသည့် အဟောင်းများကို ချန်ခဲ့ကာ အနာဂတ်နိုင်ငံတော်နှင့် ကမ္ဘာကြီးတွင် စာမျက်နှာ ၅ သို့■

❂ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် မတူကွဲပြားသည့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမျိုးစုံ စုပေါင်းတည်ရှိသည့် နိုင်ငံဖြစ်

❂ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများ၏ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်ပြီး တူညီသည့်အခွင့်အရေးများနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်ကြသူများ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

■ စာမျက်နှာ ၄ မှ

ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်တောင်း စကားပြောကြား လိုက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံက အမှတ်တရစကားနှင့် ဒီပါဝလီအထိမ်းအမှတ်ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများအား မြန်မာ- အိန္ဒိယ ရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ ဟိန္ဒူရိုးရာ ယဉ်ကျေးမှုအကအဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့များက ဟိန္ဒူရိုးရာယဉ်ကျေးမှုအကပဒေသာများ၊ လူမျိုးစုများ၏ ရိုးရာအကများ၊ မြန်မာ့ရိုးရာအကများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့သည် ယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**❂ မတူကွဲပြားသည့် ဘာသာဝင်များအကြား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုသည့် ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီး သင့်မြတ်စွာ စုစည်းနေထိုင်ရန် လိုအပ်ကြောင်း၊ “စုပေါင်းညီညာအောင်ကြောင်းဖြာ”ဆိုသည့် စကားအတိုင်း ဘာသာပေါင်းစုံ စုစည်းညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် အခြေခံမှုများဖြစ်သည့် ဘာသာပေါင်းစုံမှ ဘာသာဝင်များအချင်းချင်း အပြန်အလှန် လေးစားပြီး အတူတကွ အေးချမ်းစွာနေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေးပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများအား ကူညီစောင့်ရှောက်ရန်၊ ဘာသာရေးနှင့် ဆက်နွှယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန် စသော ကောင်းမွန်သည့် အခြေခံမှုများကို ချမှတ်ဆောင်ရွက်လျက်ရှိ**





ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားတွင် အကအဖွဲ့များက ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက လာရောက်ဂါရဝပြုတွေ့ဆုံ

## တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန်လို

နေပြည်တော် အောက်တိုဘာ ၁၇

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော်(DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ကရင်အမျိုးသား အစည်းအရုံး-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်ဗညားမွန်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးသူ ဦးခွန်ဥက္ကာနှင့် ဦးမျိုးဝင်း၊ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့တက်ရောက်ပေးကြသည့် တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များ အားလုံးကို နိုင်ငံတော်နှင့် တပ်မတော်က ဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်း၊ NCA နှစ်ပတ်လည် အခမ်းအနားတွင် မိမိအနေဖြင့် လိုအပ်သည်များကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ NCA သည် တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး၍ တိုင်းရင်းသားများ၏ တောင်းဆိုချက်များအပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ NCA ကို အပြည့်အဝအကောင်အထည်ဖော်ရန်အတွက် ယခင်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းတွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခဲ့ရကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်က နိုင်ငံတော်တာဝန် ထမ်းဆောင်နေခြင်းဖြစ်သည့် အတွက် ဆက်လက်ဆွေးနွေးဆောင်ရွက်မှုမရှိ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မိမိတို့အနေဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

ကြားကာလများတွင် မိမိနှင့်သော်လည်းကောင်း၊ မိမိ၏ကိုယ်စားလှယ်အဖွဲ့များနှင့်သော်လည်းကောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ မိမိအနေဖြင့်လည်း သဘောတူညီပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခေတ်ကာလအရ ပြင်ဆင်ရန် လိုအပ်သည်များရှိသည်ကို မိမိအနေဖြင့် သဘောပေါက်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေပြင်ဆင်နိုင်ရေးအတွက် ကြိုတင်ဆွေးနွေးသကဲ့သို့ လွှတ်တော်တွင် အတည်ပြုပြင်ဆင်နိုင်ရန် လိုကြောင်း၊ NCA ကို အရှိန်ပြန်ရလာအောင် လာရောက်ပြီး ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံကောင်းအောင် အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ် အဖွဲ့များက NCA လက်မှတ်ရေးထိုးထားသည့်သူများဖြစ်သည်နှင့်အညီ NCA လမ်းကြောင်းအတိုင်း နိုင်ငံအတွင်း

**စာမျက်နှာ ၇ သို့ »»**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန် ၇၁ ရက် သာ လိုတော့သည်။**

### အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

အနည်းဆုံးရက်ပေါင်း (၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

»»» **စာမျက်နှာ ၆ မှ**

ငြိမ်းချမ်းရေးရရှိရေး ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ NCA လမ်းကြောင်းပေါ်၌ နိုင်ငံတော်နှင့် တပ်မတော်၏ ဦးဆောင်မှုဖြင့် ခိုင်ခိုင်မာမာ ဆက်လက် လျှောက်လှမ်းသွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်သဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အဘက်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည့် အခြေအနေများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဆက်လက်ပါဝင်တက်ရောက်သွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ထွက်ပေါ်လာသည့် အစိုးရနှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၌ ဆက်လက်ပါဝင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆွေးနွေးပြောကြားရာတွင် NCA ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ရွေးချယ်ခံ အစိုးရ၊ လွှတ်တော်ရှိရန်လိုကြောင်း၊ မူလစတင်လက်မှတ်ရေးထိုးစဉ်ကတည်းက လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း၊ NCA တွင်ပါဝင်ခဲ့ကြသည့် အဖွဲ့အစည်းများအားလုံးပါဝင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပ ပြုလုပ်ရာတွင်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေးနှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ သကဲ့သို့ မဲမသမာမှုများ ဆောင်ရွက်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစနစ် (MEVM)များဖြင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီး NCA ကို ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့်အတွက် လက်ရှိအချိန်တွင် အခိုင်မာဆုံးဖြစ်ကြောင်း၊ အခြေခံဥပဒေအား ပြင်ဆင်၍ရသည်များကို ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဆိုသော်လည်း မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် လိုကြောင်း၊ ဖက်ဒရယ်စနစ်တွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကွဲပြားခြားနားမှုများရှိသော်လည်း မိမိတို့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်ကာလတွင် ပြည်သူများအနေဖြင့် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ရေး တောင်းဆိုခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တိုင်းရင်းသားများ၏ အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ၏ NCA နှစ်ပတ်လည်နေ့ မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့သည့်အတိုင်း အားလုံးက ဖြစ်ချင်တာထက် ဖြစ်နိုင်တာ၊ ဖြစ်သင့်တာကို ပိုမိုဦးစားပေးပြီး ဆောင်ရွက်သင့်ကြောင်း၊ **အထူးသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ တိုင်းပြည်ခွဲထွက်ရေးကို တပ်မတော်အနေဖြင့် လုံးဝလက်မခံကြောင်း၊ ဒို့တာဝန် အရေးသုံးပါးကို တပ်မတော်အနေဖြင့် အလေးထား စောင့်ထိန်းလိုက်နာသွားမည် ဖြစ်ကြောင်း၊ လူအနည်းစု၏ သဘောထားကို အလေးထားရမည်ဖြစ်သော်လည်း လူအများစု၏ ဆန္ဒကိုလည်း အားလုံးက လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည် ဖြစ်နိုင်သည်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အကျိုးကိုဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးချိန်မှ စတင်၍ ယနေ့အချိန်အထိ လွတ်လပ်ရေး၏ အသီးအပွင့်ကို မခံစားရသေးကြောင်း၊ မိမိတို့နိုင်ငံနှင့် အကျယ်အဝန်းအရ၊ လူဦးရေအရ၊ စီးပွားရေးအခြေခံအရ တူညီသည့်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျ ကျန်နေကြောင်း၊ ထို့ကြောင့် အားလုံးက တိုင်းပြည်ကောင်းအောင် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ် အဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေကြည်မြို့နယ်ပြည်သူ့ဆေးရုံတွင် မျက်စိဝေဒနာရှင်များအား ကြည့်ရှုအားပေး

**ပုသိမ် အောက်တိုဘာ ၁၇**

ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံတွင် မျက်စိခွဲစိတ်ကုသရန် လာရောက်သည့် မျက်စိဝေဒနာရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးစကားများ ပြောကြားခဲ့သည်။



**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံများမှ မျက်စိအထူးကုဆရာဝန်ကြီးများက ရေကြည်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား မျက်စိစမ်းသပ်ခွဲစိတ်ပေးနိုင်ရန်အတွက် မျက်စိဝေဒနာရှင်များအား စာရင်းရေးသွင်းခြင်းနေရာသို့သွားရောက်၍ မျက်စိစမ်းသပ်ပြသမည့် ပြည်သူများ စာရင်းလာရောက်ပေးသွင်းနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စာရင်းပေးသွင်းမှု အခြေအနေများ၊ သွားလာမှုအဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားမှုများကို ပြောကြားသည်။ ထို့နောက် မျက်စိစမ်းသပ်ပြသမည့် ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ပြီး မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးမည့် အစီအစဉ်များ၊ သွားလာရေးနှင့် နေထိုင်ရေးအဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှုများ၊ အာဟာရဒါန စားသောက်ဖွယ်ရာများ လှူဒါန်းပေးမည့် အခြေအနေများကို ပြောကြားခဲ့သည်။

ဆက်လက်၍ မျက်စိစမ်းသပ်ခန်းများ၊ မျက်စိခွဲစိတ်ကုသမည့်သူများ စမ်းသပ်မည့်နေရာ၊ ကွန်ပျူတာဖြင့် မျက်စိစမ်းသပ်ခြင်း ဆောင်ရွက်နေမှုများနှင့် လာရောက်ပြသသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ မျက်စိအထူးကုဆရာဝန်ကြီးများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ ထို့နောက် မျက်စိစမ်းသပ်ပြသမည့်သူများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးမိသားစုက နေ့လယ်စာ အာဟာရဒါန စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြသည်။

ရေကြည်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံများမှ မျက်စိအထူးကုဆရာဝန်ကြီးများက အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ မျက်စိစမ်းသပ်ခြင်းနှင့် အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်ဝန်ထမ်းများက ခေတ်မီစက်ကိရိယာများဖြင့် ခွဲစိတ်ကုသခြင်းများကို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အစီအစဉ်အဖြစ် **“ငြိမ်းချမ်းသောမြန်မာ့အနာဂတ် တည်ဆောက်ခြင်း”** အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့် ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြသည်။



NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အစီအစဉ်အဖြစ် “ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ကျင်းပစဉ်။

**ဦးဆောင်ဆွေးနွေး**

ထို့နောက် **“NCA ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို သုံးသပ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပြန်လည်စုံလင်စွာ ပါဝင်လာနိုင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုနှင့် ပြဿနာ အကြောင်းအရာများ အပေါ် ရေတို၊ ရေရှည်ဆောင်ရွက်နိုင်မည့် နည်းဗျူဟာများ ဖော်ထုတ်ခြင်း”** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ သဘာပတိ ဗိုလ်ချုပ်စိုးနိုင်ဦး(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူ ဦးအောင်နိုင်ဦး၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ဒေါ်စောမြရာဇာလင်းနှင့် ဦးမျိုးဝင်းတို့က ဦးဆောင်ဆွေးနွေးကြသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို သရုပ်ပြရှင်းလင်းစဉ်။

ယင်းနောက် စကားဝိုင်းအလိုက် ဆွေးနွေးကြပြီး စကားဝိုင်းအလိုက် ကိုယ်စားလှယ်များက အကြံပြုချက်များ တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းအပေါ် သဘာပတိနှင့် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပရာ ဆွေးနွေးချက်အကြောင်းအရာများ အပေါ် သဘာပတိ ဗိုလ်ချုပ်စိုးနိုင်ဦး (ငြိမ်း)က ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးမှုရလဒ်များစုစည်းချက်အား တင်ပြခြင်း၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သူ ဦးအောင်မင်းက “ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် KNU/KNLC-PC ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးနှင့် NCA အသိသက်သေ ဦးဇိုဇမ်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)တို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမှတ်တရ လက်ဆောင်များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို သရုပ်ပြရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဒေသအလိုက် လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၁) ထွန်စက်စခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ လူမှုရေး၊ ကျန်းမာရေး သက်သာချောင်ချိရေးဆိုင်ရာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေသဆိုင်ရာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင် ဒေါင့်သန်းရောဂါ၊ ပေါင်ပုပ်၊ လက်ပုပ်ရောဂါ၊ လည်ချောင်းကွဲရောဂါများ ဓာတ်ခွဲစစ်ဆေးပေးနေမှုနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd. ၏ ငါးအသားလွှာပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းစက်ရုံလုပ်ငန်း၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် စက်ပစ္စည်းများ စမ်းသပ်လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ညောင်တုန်းမြို့ ကျုံတမာကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးမြင့်သိန်းထွန်း၏ Top Dairy Farm နို့စားနွားမွေးမြူရေးခြံသို့ရောက်ရှိပြီး နို့စားနွား ၈၅ ကောင် မွေးမြူထားရှိမှုနှင့် နို့နှင့်နို့ထွက်ပစ္စည်းများဖြစ်သည့် နို့အေး၊ ဒိန်ချဉ်၊ ထောပတ်၊ ဒိန်ခဲများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းတာဝန်ရှိသူများအား စက်ရုံအတွင်း သန့်ရှင်းသပ်ရပ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အစားအစာ ဘေးကင်းလုံခြုံရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။



အလားတူ ဆားမလောက်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ Master Feed Mill ငါးအစာတောင့်စက်ရုံသို့ရောက်ရှိပြီး ဒေသထွက်ကုန်ကြမ်း ဖွဲနု၊ ဖွဲဖြူ၊ ပဲဖတ်၊ နှမ်းဖတ်၊ မုန်ညင်းဖတ်၊ နေကြာဖတ်၊ ဆီးဖတ်၊ ငါးခြောက်၊ ဖွံ့ခြောက်၊ ငါးဆီ၊ ဆန်လုံးတီး၊ ပြောင်းတို့ဖြင့် ငါးကြီးစာ၊ ငါးမစာ၊ ငါးလေးစာ၊ ဆေးစပ်ငါးလေးစာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးတိရစ္ဆာန်အစာတွင် ပါဝင်ရမည့် အာဟာရဓာတ်များ ပြည့်ဝစွာပါဝင်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းသက်သာစေမည့်နည်းစနစ်များ လေ့လာဆောင်ရွက်ရန်နှင့် ခေတ်မီ AI နည်းပညာသုံးစွဲကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရနဲ့ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကိုရအောင်ဖော်ဆောင်ဖို့ ဆုံးဖြတ်ထားပြီးသားဆိုတာ တွေ့မြင်ရတယ်။ အနာဂတ် မြန်မာနိုင်ငံတော်အတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေရအောင် ဆောင်ရွက်သွားမယ်ဆိုတာ တွေ့ရတယ်

စောခွန်ကျော်ဝင်း

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ရာ NCA ကို အခြေခံပြီး ငြိမ်းချမ်းသော အနာဂတ်နိုင်ငံတော်ဖော်ဆောင်ရေးအတွက် တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းတင်ပြလိုက်ရပါသည် –

**စောခွန်ကျော်ဝင်း**
**အတွင်းရေးမှူး(၂)**
**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်**

ဒီနေ့က အလုပ်ရုံဆွေးနွေးပွဲ သုံးရက်မြောက်ရှိခဲ့ပြီ။ ဆွေးနွေးချက်တွေကလည်း အားရစရာ ကောင်းပါတယ်။ ရွေးကောက်ပွဲ အပြီး ထွက်ပေါ်လာမယ့် အစိုးရအတွက်လည်း ရှေ့ဆက်လက် အကောင်အထည်ဖော်ဖို့ အချက်အလက်တွေ အများကြီးဆွေးနွေး နိုင်ခဲ့ပါတယ်။ အစိုးရနဲ့တပ်မတော် အနေနဲ့ ငြိမ်းချမ်းရေးကိုရအောင် ဖော်ဆောင်ဖို့ ဆုံးဖြတ်ထားပြီး သားဆိုတာ တွေ့မြင်ရတယ်။ အနာဂတ် မြန်မာနိုင်ငံတော်



ဒေါက်တာအမ်ခွန်လှ

အတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေရအောင် ဆောင်ရွက်သွားမယ်ဆိုတာ တွေ့ရတယ်။ NCA က နိုင်ငံတကာကရော၊ အားလုံးက အသိအမှတ်ပြုထားတဲ့ အတွက် ခိုင်မာတယ်။ ဒါကြောင့်မပျက်ဘူး။ NCA လမ်းကြောင်းကိုရောက် အောင်သွားမယ်ဆိုတာ တွေ့ရတယ်။ ငြိမ်းချမ်းရေးမရရင် အဓိက ခံစားရမှာ ပြည်သူတွေပါ။ ပညာရေး၊ ကျန်းမာရေး အရာအားလုံးမှာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့မှာပါ။ တိုင်းပြည်က ငြိမ်းချမ်းဖို့ လိုပါတယ်။ မငြိမ်းချမ်းမှုရဲ့ အသီးအပွင့်ကို ပြည်သူတွေပဲ ခံစားရတာ ဖြစ်တဲ့အတွက် ငြိမ်းချမ်းဖို့အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုတယ်လို့ တိုက်တွန်းချင်ပါတယ်။

**ဦးယန်ကျင်ကန်**
**ဥက္ကဋ္ဌ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ**

NCA ကို ၂၀၁၅ ခုနှစ်မှာ လက်မှတ်ရေးထိုးထားကြတယ်။ NCA ဆိုတာက ကျွန်တော်တို့ နိုင်ငံမှာ မရှိမဖြစ်လိုအပ်နေတဲ့ လုပ်ငန်းစဉ်တစ်ခုပါ။ ငြိမ်းချမ်းမှု အရာရာ ဆက်လက်လုပ်ဆောင် လို့ရမှာပါ။ အထူးသဖြင့် ကျွန်တော်တို့ တိုင်းရင်းသားဒေသတွေမှာ ငြိမ်းချမ်းမှုမရှိခြင်းရဲ့ အကျိုးဆက်တွေကို မျက်ဝါးထင်ထင်ခံစားနေရတဲ့အတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေ လိုအပ်တယ်လို့ ခံယူပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဓိကက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေများတဲ့ အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အခက်အခဲတော့ရှိနေမှာပါ။ ဒါပေမယ့် အခက်အခဲရှိလို့ ရပ်နားထားရမယ့် လုပ်ငန်းစဉ်မဟုတ်ပါဘူး။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရှေ့ကို ရှေ့ဆက်လက်သွားနိုင်အောင် တွန်းပို့နေရမှာ ဖြစ်ပါတယ်။ ဘက်စုံက လိုအပ်ပါလိမ့်မယ်။

နိုင်ငံတကာက Think Tank ပညာရှင်တွေလည်း ပါဝင်တဲ့ အတွက် ဒီမိုကရေစီက ရွေးကောက်ပွဲနဲ့ ဘယ်လိုဆက်စပ်တယ်ဆိုတဲ့



ဒေါက်တာ နိုင်ဆွေဦး

အကြံပြုချက်တွေ ပေးပါတယ်။ လက်ရှိနိုင်ငံတော်က သွားမယ့် အရွေ့ကလည်း ရွေးကောက်ပွဲ ကနေ သွားမှာဖြစ်တဲ့အတွက် ကောင်းတဲ့ အကြံပြုချက်ကို ပေးနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ တိုင်းရင်းသားဒေသက ပြည်သူ လူထုတွေအနေနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ဘယ်လိုရှုထောင့် က ပါဝင်နိုင်မလဲဆိုတာကို မှန်မှန် ကန်ကန်သုံးသပ်ပြီး ပူးပေါင်းပါဝင် ကြဖို့လိုအပ်မယ်လို့ ထင်ပါတယ်။

**ဦးသိန်းထွန်းဦး**
**ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်၊ မြန်မာ့ငြိမ်းချမ်းရေး နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေး အဖွဲ့**

မြန်မာနိုင်ငံအနေနဲ့ ငြိမ်းချမ်း ရေးကို NCA နဲ့ အကောင်အထည် ဖော်ဖို့ လုပ်ဆောင်ခဲ့တာ ၁၀ နှစ် ပြည့်ခဲ့ပြီ။ ဒီကာလအတွင်း ဘယ်လောက်အထိ တိုးတက် ဖွံ့ဖြိုးမှုတွေရခဲ့သလဲ၊ ဘယ်လောက် အထိ ရှေ့ဆက်သွားနိုင်မလဲဆိုတဲ့ အချက်တွေအပေါ်မှာ အခြေခံပြီး ငြိမ်းချမ်းရေးရဲ့ အလားအလာကို တွက်ဆရမှာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ မြင်တွေ့ရတာက ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ မျှော်မှန်းထားသလောက် မရောက် သေးပါဘူး။ ဒါပေမယ့် ငြိမ်းချမ်း ရေးကိုလိုချင်တယ်၊ လိုလားတယ် ဆိုတဲ့ စိတ်ဓာတ်တွေနဲ့သာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မယ် ဆိုရင်အားလုံးလိုလားတဲ့ငြိမ်းချမ်း ရေးက ဘာမှအခက်အခဲမရှိနိုင် ဘူးလို့ ထင်ပါတယ်။ ဒါက ကျွန်တော်တို့မြင်တဲ့ သုံးသပ်ချက် ဖြစ်ပါတယ်။

ပြီးတော့ မြေပြင်လုပ်ငန်းစဉ် တွေမှာ ဘယ်လောက်အထိ အကောင်အထည် ဖော်နိုင်မလဲ။ ဒါတွေကို ပြန်လည်လေ့လာသုံး သပ်ရမှာဖြစ်ပါတယ်။ ဒီထက် ပိုကောင်းတဲ့ ရလဒ်တွေ ထွက်လာ မယ်လို့ မျှော်လင့်ပါတယ်။ ဘယ်နိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်ကိုမဆို လေ့လာကြည့်ရင် အဆင်ပြေ ချောမွေ့နေတယ်ဆို



ဒေါ်ညိုညိုသင်း

တာမရှိပါဘူး။ ခက်ခဲကြမ်းတမ်း တယ်။ အချိန်ယူရတယ်။ ဒါပေမယ့် ပါဝင်ပတ်သက်တဲ့သူ တွေ၊ ငြိမ်းချမ်းရေးကို ဖော်ဆောင် တဲ့သူတွေအနေနဲ့ စိတ်ရင်းအမှန်နဲ့ အလုပ်လုပ်မယ်ဆိုရင် ငြိမ်းချမ်း ရေးပန်းတိုင်ကို ရောက်ရှိမှာပါ။

နောက်တစ်ချက်က ငြိမ်းချမ်းမှု ပညာသင်ကြားခွင့်၊ စီးပွားရှာဖွေ ခွင့်အပါအဝင် များစွာသော အခွင့် အလမ်းတွေ ရရှိမှာဖြစ်တဲ့အတွက် လူငယ်တွေလည်း ငြိမ်းချမ်းရေးကို စိတ်ဝင်စားစ ပြုလာပါပြီ။ ဒါက လည်းကောင်းမွန်တဲ့ အလား အလာတွေပဲဖြစ်ပါတယ်။ လူငယ် တွေရဲ့ အင်အားနဲ့ အကြံဉာဏ်တွေ ကိုယူဖို့လိုပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို လူငယ်တွေက ပြီးပြည့်စုံအောင် ဖော်ဆောင်နိုင် လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နောင်အနာဂတ် နှစ်အနည်းငယ် အတွင်းမှာ ငြိမ်းချမ်းရေးကို အကောင်းဆုံး၊ အပြည့်ဝဆုံး ဖော်ဆောင်နိုင်ပါစေလို့ ဆုမွန် ကောင်းတောင်းပါတယ်။

**ဒေါက်တာအမ်ခွန်လှ**
**နိုင်ငံရေးလေ့လာသူ**

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အခက်အခဲ များစွာထဲက ဆက်လက် ကြိုးစားနေဆဲလို့ ပြောရမှာ ဖြစ်ပါတယ်။ NCA မှာ လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့ တွေနဲ့ ဆက်လက်ဆွေးနွေးဖို့



စောခွန်ကျော်ဝင်း

လိုနေတယ်။ ကျန်နေတဲ့အဖွဲ့တွေ နဲ့ဆိုရင် တစ်ဖွဲ့ချင်းသော်လည်း ကောင်း၊ အားလုံးနဲ့သော်လည်း ကောင်း အစိုးရနဲ့ Bilateral ဆွေးနွေးမှုတွေလုပ်ဖို့ လိုပါတယ်။ နိုင်ငံတကာနဲ့ ပြည်တွင်းက ကြားဝင်စေ့စပ်သူတွေရဲ့ အခန်း ကဏ္ဍလည်း လိုပါတယ်။ ဒါကို ဖြစ်မြောက်အောင် အကြံပြုနေပါ တယ်။ NCA (၁၀)နှစ်ပြည့် ဆွေးနွေးပွဲက အရွေ့ကောင်းပါ တယ်။ မေးခွန်းတွေကလည်း ကောင်းတယ်။ Guideline ထုတ် တာလည်း ကောင်းပါတယ်။

ငြိမ်းချမ်းရေးရော၊ ဖွံ့ဖြိုး တိုးတက်ရေးရော နှစ်ဖက်စလုံး မျှတတဲ့ မေးခွန်းတွေပါတယ်။ လက်ရှိအစိုးရနဲ့ နောင်ဆက်လက် ဆောင်ရွက်ရမယ့် အစိုးရအတွက် အကြံပြုချက်တွေ တော်တော်များ များ ထွက်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီစီးပွားရေးဆိုင်ရာ အခွင့် အလမ်းက ကြီးမားပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဒါကို ရှေ့ဆက်လက်ပြီး ကြိုးစားရမယ် လို့ မြင်ပါတယ်။ တကယ်တော့ အစိုးရရော၊ ပြည်သူလူထုရော၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေ ရော အားလုံးက ဒီအခြေအနေမှာ ပင်ပန်းနေကြပြီ။ ဒါကို တော်သင့် ပြီ။ ရပ်သင့်ပြီလို့ ထင်ပါတယ်။ ပထဝီနိုင်ငံရေးအရ၊ ပထဝီစီးပွား ရေးအရ ဒီလောက်အခွင့်အလမ်း အများကြီး တည်ရှိနေတဲ့ နိုင်ငံ တစ်ခုဖြစ်တဲ့အတွက် ဆင့်ကဲ ပြောင်းလဲနိုင်ငံရေး ဖြစ်စဉ် တည်ဆောက်ပြီး တစ်ဆင့်ချင်း သွားရမယ်၊ လူထုပါဝင်တဲ့နိုင်ငံရေး ဆွေးနွေးပွဲတွေ လုပ်ကိုလုပ်ရမယ်၊ အားလုံးဝိုင်းဝန်း တိုက်တွန်းမယ် ဆိုရင် ဒီအရွေ့က ပြောင်းကို ပြောင်းပါတယ်။

**ဒေါက်တာ နိုင်ဆွေဦး**
**မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဝါရင့်အကြံပေးအဖွဲ့ဝင်**

ဒီဆွေးနွေးပွဲသုံးရက်မှာ နိုင်ငံ ရေးနဲ့ ပတ်သက်တဲ့အပိုင်းတွေကို ဆွေးနွေးကြတယ်။ စားပွဲဝိုင်းတွေ



ဦးယန်ကျင်ကန်

ခွဲပြီး သက်ဆိုင်ရာ စားပွဲဝိုင်း တိုင်းမှာ သက်ဆိုင်ရာ နယ်ပယ် တွေက ပုဂ္ဂိုလ်တွေ အစုံပါဝင် တယ်။ အစိုးရ၊ EAO၊ အခြားအဖွဲ့ အစည်းတွေက ပုဂ္ဂိုလ်တွေ စုံစုံ ညီညီ ပါဝင်ဆွေးနွေးကြပါတယ်။ ကျွန်တော်က နိုင်ငံရေးအပိုင်းမှာ ပါဝင်ပါတယ်။ အဲဒီမှာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အထောက်အပံ့ပေးရေးနဲ့ ချဉ်းကပ် မှုတွေနဲ့ပတ်သက်ပြီး ကျွန်တော် ကိုယ်တိုင် ပါဝင်ဆွေးနွေးတင်ပြခဲ့ တာလည်းရှိပါတယ်။ မြန်မာနိုင်ငံ ရဲ့ လက်ရှိကြုံတွေ့နေရတဲ့ နိုင်ငံ ရေးဆိုင်ရာ စိန်ခေါ်မှုအပိုင်းတွေ ဆွေးနွေးတင်ပြခဲ့ပါတယ်။

NCA ၁၀ နှစ်ပြည့်လာတဲ့အချိန် မှာ ဘာတွေကို အကောင်အထည် ဖော်ဆောင်ရွက်ပြီးပြီ၊ ဘာတွေ အကောင်အထည်ဖော်ဖို့ ကျန်နေ သေးတယ်။ ရှေ့ဆက်ပြီး ကျန်ရှိ နေတဲ့အဖွဲ့တွေ ပါဝင်လာနိုင်ဖို့ ဘယ်လိုညှိနှိုင်း ဆောင်ရွက်ကြ မယ်ဆိုတာတွေက အရေးကြီးတဲ့ မေးခွန်းတွေဖြစ်ပါတယ်။ NCA သဘောတူစာချုပ်ပါ အချက်တွေ ကို အကောင်အထည် ဖော်နိုင်တဲ့ အချက်တွေရှိသလို NCA နဲ့ ပတ်သက်ပြီး စိန်ခေါ်မှုတွေလည်း ရှိနေဆဲပါ။ ရှိနေတဲ့ စိန်ခေါ်မှုတွေ ကို ကျော်လွှားဖြေရှင်းသွားဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ တချို့က NCA ဟာ ပျက်ပြားသွားပြီဆိုပြီး အပြု သဘောမဆောင်တဲ့ သဘောထား တွေ တွေ့ရှိပါတယ်။ NCA ဟာ ဘယ်တော့မှ ပျက်ပြယ်သွားမယ့် စာချုပ်မဟုတ်ဘူး။ ရေရှည် ဆက်လက် တည်တံ့နေမယ့် စာချုပ်တစ်ခုဖြစ်ပါတယ်။ စာချုပ် ပါ အချက်တွေကို ပြဋ္ဌာန်းထားတဲ့ လမ်းပြမြေပုံအတိုင်း ပါဝင်သင့်သူ အားလုံး ဆက်လက်ဆောင်ရွက် သွားဖို့လိုပါတယ်။ အဓိကက ငြိမ်းချမ်းမှုရှိနေမှသာ တိုင်းဒေသ ကြီးတွေ၊ ပြည်နယ်တွေက ဖွံ့ဖြိုး တိုးတက်လာမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက် ရေးက အပြန်အလှန် ဆက်စပ်နေ



ဦးသိန်းထွန်းဦး

တာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးက တိုင်းပြည် တည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး နှစ်ခုလုံးအတွက် အရေးကြီးနေ တာ ဖြစ်ပါတယ်။

**ဒေါ်ညိုညိုသင်း**
**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်း**

ဆွေးနွေးပွဲ ပထမနေ့ကတည်း က ပြည်ပ ပညာရှင်တွေက သူတို့ရဲ့ အတွေ့အကြုံကို ဝေမျှဆွေးနွေး သွားကြပါတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံ တွေက ကျွန်မတို့နိုင်ငံကို မိသားစု သဖွယ် သဘောထားပြီး ဆွေးနွေး ပေးကြတယ်။ သူတို့ ဆွေးနွေး အကြံပြုတာတွေက ကျွန်မတို့ နိုင်ငံအတွက် တကယ်အဖိုးမဖြတ် နိုင်တဲ့ ဆွေးနွေးမှုတွေပါ။ ပြီးတော့ ငြိမ်းချမ်းတဲ့ အနာဂတ်ကို တည်ဆောက်ဖို့အတွက် ဒီနေ့ ဆွေးနွေးမယ့် အကြောင်းအရာ တွေကလည်း အဖိုးတန်မယ်လို့ မျှော်လင့်ပါတယ်။ ရွေးကောက်ပွဲ ကို အောင်အောင်မြင်မြင်နဲ့ အကောင်အထည်ဖော်ဖို့ အစိုးရ အနေနဲ့ ပြင်ဆင်ထားတယ်။

ရွေးကောက်ပွဲ ပြီးသွားတာနဲ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲ မှုတွေက အများကြီးတစ်ရှိန်ထိုး ဖြစ်ပေါ်လာပြီး ငြိမ်းချမ်းရေး ဖြစ်စဉ်ကို အထောက်အကူပြု မယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်မတို့နိုင်ငံက တိုင်းရင်းသား လူမျိုးပေါင်းစုံတည်ရှိတဲ့ နိုင်ငံပါ။ ဒီတော့ အမြင်သဘောထား မတူညီ တာတွေ၊ အငြင်းပွားတာတွေက တော့ ရှိနေမှာပါပဲ။ မိသားစုတစ်ခု မှာတောင် မတူကွဲပြားတာတွေ ရှိနေရင် ညှိနှိုင်းဆောင်ရွက်ရတာ ပါပဲ။ နောင်လာမယ့် အစိုးရသစ် အနေနဲ့လည်း သဘောထားမတူညီ တဲ့သူတွေကို မိသားစုသဖွယ် သဘောထားပြီး ဖြေလျှော့မှု တွေ၊ နားလည်မှုတွေပေးရမယ်။ အနာဂတ်နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းစဉ်မှာ ပါဝင်လာဖို့ စည်းရုံး ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ **သတင်းအဖွဲ့**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၇**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည်ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ မော်စကိုမြို့၌ ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် Russia Energy Week International Forum(REW) သို့ တက်ရောက်သည်။



**ဆွေးနွေး**

အောက်တိုဘာ ၁၅ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Gazprom International Limited မှ General Director ဖြစ်သူ Mr. Sergey Tumanov ဦးဆောင်သည့်အဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Zarubezhneft JSC ကုမ္ပဏီမှ General Director ဖြစ်သူ Mr. Sergey Kudryashov ဦးဆောင်သည့်အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ရေနက်ဆိပ်ကမ်းများကို အသုံးပြု၍ Energy Trading ပြုလုပ်နိုင်မည့် အခွင့်အလမ်းကောင်းများ၊ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံတည်ဆောက်၍ ထွက်ရှိလာသော ရေနံထွက်ကုန်ပစ္စည်းများကို ပြည်တွင်းတွင်သာမက ဒေသတွင်းနိုင်ငံများတွင် ဖြန့်ဖြူးရောင်းချပေးနိုင်မည့် အလားအလာကောင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၆ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် ရှော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကြီးကြပ်ရေး ဘုတ်အဖွဲ့ဝင် Mr. SHATIROV Sergey Vladimirovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရှော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၈)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်၏ အဓိကအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး(Main Forum–Plenary Session) သို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က လူသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုတွင် စွမ်းအင်ကဏ္ဍ၏ အရေးပါမှု၊ ကမ္ဘာ့စွမ်းအင်ဖြည့်ဆည်းပေးမှုတွင် ရုရှားနိုင်ငံ၏ ပါဝင်နေသည့်အခန်းကဏ္ဍ၊ Digital Industry ဖွံ့ဖြိုးလာမှုတွင် အဓိကကျသည့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်မှု၊ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးကို ရေရှည်အတွက်မျှော်မှန်းကာ အစီအမံများ ချမှတ်ဆောင်ရွက်နေမှုတို့ကို မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖိုရမ်တက်ရောက်နေစဉ်အတွင်း စွမ်းအင်ကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းအသီးသီးမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လေ့လာကြည့်ရှုကြပြီး Joint Stock Company Inter RAO ပြခန်းတွင် သဘာဝဓာတ်ငွေ့ကို လေလွင့်ဆုံးရှုံးမှုအနည်းဆုံးအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်နိုင်သည့် Combined–cycle Gas Turbine များ၏ စွမ်းဆောင်ရည်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးခဲ့သည်။

ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး စွမ်းအင်ကဏ္ဍတွင်ဖြစ်ပေါ်နေသည့် ပြဿနာများကိုဖြေရှင်းရေး၊ လူသားတို့အတွက် စွမ်းအင်တိုးမြှင့်ဖြည့်ဆည်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ ရာသီဥတု၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးဒေါ်နုမြဇံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov အား လက်ခံတွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့မွန်းလွဲပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများ ပြန်လည်ပြုပြင်မွမ်းမံခြင်းတွင် ကျွမ်းကျင်မှုအကူအညီများပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ The Institute for the History of Material Cultural of Russia Academy of Science(IHMCRAS)တို့အကြား ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုနယ်ပယ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေးနှင့် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုညီလာခံမှ ထွက်ပေါ်လာသော ဆွေးနွေးချက်ရလဒ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ရှေ့ပြေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်မည့် ကိစ္စနှင့်ပတ်သက်၍လည်း ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မှ ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Academic Diplomacy and International Studies: Prospects for Russia and Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်တက္ကသိုလ်မှ Deputy Dean ဖြစ်သူ Mr. Dmitry Baryshnikov က Academic Diplomacy and International Studies: Prospects for Russia and Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ စိန့်ပီတာစဘတ်မြို့ ပြည်ပဆက်ဆံရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Viacheslav Kalganov၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် ရုရှားသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ သုတေသီများ၊ မြန်မာသံတမန်သင်တန်းကျောင်း သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းမှ သင်တန်းသားများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာသူများက ခေတ်သစ်သံခင်းတမန်ခင်းပုံဖော်မှုတွင် လေ့လာသင်ယူမှုဆိုင်ရာ သံခင်းတမန်ခင်း (Academic Diplomacy)နှင့် မြန်မာ–ရုရှား နှစ်နိုင်ငံအကြား အပြန်အလှန် ပညာသင်ကြားမှုများ ပြုလုပ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်မြို့နယ်၌ ဆီထွက်သီးနှံ အထွက်နှုန်း တိုးမြှင့်ရေး သင်တန်းဖွင့်လှစ်

**ပြည် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဆောင်းဆီထွက်သီးနှံ(မြေပဲ) စိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား ပန်းတိုင်အထွက်နှုန်းကျော်လွန်တိုးတက်ရေးအတွက် ပြည်မြို့နယ် သမဝါယမဦးစီးဌာနကကြီးမှူးပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ နည်းပညာပေးသင်တန်းကို ဇီးအုတ်တောင်သူလယ်သမားသင်တန်းကျောင်း၌ အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သည်။

သင်တန်းသို့ ပြည်ခရိုင်အတွင်းရှိ ပြည်၊ ပေါက်ခေါင်း၊ ရွှေတောင်နှင့် ပန်းတောင်းမြို့နယ်များမှ မြေပဲစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူ ၈၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာများက စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ် ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး အစီအစဉ်များအတွက် ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသများမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ နေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ငလျင်ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများပြန်လည်ထူထောင်ရန် နိုင်ငံတော်မှ ထည့်ဝင်ပံ့ပိုးသော ရန်ပုံငွေဖြင့် (၃) နှစ်မှ (၅)နှစ်အထိ သက်တမ်းရှိသည့် ချေးငွေများအား သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ပါသည်–

- နေအိမ်နှင့် အဆောက်အအုံ ပြန်လည်တည်ဆောက်ရေး ချေးငွေ (အတိုးနှုန်း ၃ %)
- အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs) လုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ်ရင်းနှီးငွေ၊ စက်ပစ္စည်း၊ ရေ၊ မီး၊ ဆိုလာနှင့် ရင်းနှီးမြှုပ်နှံမှုချေးငွေ (အတိုး နှုန်း ၅ %)
- စက်ရုံလုပ်ငန်းကြီးများ ပြန်လည်ပြုပြင်ရေးနှင့် လည်ပတ်နိုင်ရေးချေးငွေ (အတိုးနှုန်း ၇ %)
- နိုင်ငံပိုင်အခြေခံအဆောက်အအုံများ တာဝန်ယူတည်ဆောက်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများအတွက် ယာယီချေးငွေ (အတိုးနှုန်း ၇ %)

ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအဖြစ် AYA Bank PCL၊ uab Bank PCL၊ CB Bank PCL၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်၊ ရိုးမဘဏ်၊ ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ အင်းဝဘဏ်၊ Best Merchant Finance Co., Ltd. နှင့် Zega Finance Co., Ltd. တို့အား ချေးငွေဆိုင်ရာစံပြုလုပ်ငန်းစဉ် (SOP) နှင့်အညီ ရွေးချယ်ထားပါသည်။ (SOP အသေးစိတ်အချက်များကို CBM Website www.cbm.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။)

ငလျင်ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများရှိ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအနေဖြင့် ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့်ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၇-၁၀-၂၀၂၅)

## မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်



မန္တလေး အောက်တိုဘာ ၁၇

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းသည်။

ယနေ့လှူဒါန်းမှုတွင် စေတနာရှင်၊ အလှူရှင်များဖြစ်သည့် ခိုလုံလီရှော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က လှူဒါန်းငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့်နေရာများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ပေါင်မြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

ပေါင် အောက်တိုဘာ ၁၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရင်းငြိမ်တောင်ကျေးရွာ၌ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် ဝန်ထမ်းများက ရင်းငြိမ်တောင်ကျေးရွာ ရွှေချမ်းသာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်ရှိ အသင်းသားပိုင်လယ်များသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်သမဝါယမ ဦးစီးဌာနမှ တာဝန်ရှိသူများသည် ပေါင်မြို့နယ်အတွင်းရှိ ရင်းငြိမ်တောင်ကျေးရွာ ရွှေချမ်းသာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်ရှိ အသင်းသားပိုင်လယ်တွင် မိုးစပါးများဖြစ်ထွန်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး စပါးရိတ်သိမ်းချိန် အလေအလွင့်မရှိစေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိနိုင်စေရန် အချိန်မီရိတ်သိမ်းရေး၊ လုပ်ငန်းများစနစ်တကျအကောင်အထည်ဖော်နိုင်ရေး လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ရပ်စောက်မြို့နယ်၌ ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံ

ရပ်စောက် အောက်တိုဘာ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအခြေပြုဆုံဆို့၊မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး ထိုးနှံခြင်း လုပ်ငန်းကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကာကွယ်ဆေး ထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများ ပြုလုပ်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များနှင့် ကျောင်းဆရာ ဆရာမများကအားဖြည့်ကူညီဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်ရှိအခြေခံပညာကျောင်းများ၌ အသက်(၅)နှစ်ပြည့်ပြီး(၇)နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူ ၂၈၇၀ အား ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် အသက်(၉)နှစ်ပြည့်ပြီး (၁၀)နှစ်မကျော်သော ကျောင်းသူ ၁၂၈၇ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စက်သုံးဆီအရောင်းဆိုင်များစစ်ဆေး

မိုးနဲ အောက်တိုဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကိုကိုသက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်လျှပ်စစ်မှူးတို့ပူးပေါင်းပါဝင်သောအဖွဲ့က မြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မီးသတ်ဆေးဘူးထားရှိမှု၊ အပေါ့စား မီးငြိမ်းသတ်စက် ကောင်းမွန်မှု ရှိ၊ မရှိ၊ ရေသိုလှောင်ထားရှိမှု၊ လျှပ်စစ်ဝါယာရိန်းများ ကောင်းမွန်မှု ရှိ၊ မရှိတို့ကို စစ်ဆေးကြပြီး မီးလောင်မှုဖြစ်ပွားပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားရန် အသိပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာကျောင်းသားအားကစားအဖွဲ့ကို သွားရောက်အားပေး



**နေပြည်တော် အောက်တိုဘာ ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ခေတ္တပါမောက္ခချုပ်တို့နှင့်အတူ လယ်ဝေးမြို့နယ်ရှိ လေ့ကျင့်ရေး အားကစားကွင်းတွင် (၁၄)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်မှုများ ဆောင်ရွက်နေသည့် မြန်မာ ကျောင်းသားအားကစားအဖွဲ့အား သွားရောက်တွေ့ဆုံ အားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြိုင်ပွဲအတွက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ပြိုင်ပွဲတွင် ကောင်းမွန်စွာ ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် စနစ်တကျလေ့ကျင့် သင်ကြားပေးရန်၊ ကျောင်းသား ကျောင်းသူများ နေထိုင်စားသောက်မှုအဆင်ပြေစေရေး သေချာစွာ စီစဉ်ပေးရန်နှင့် ပြိုင်ပွဲဝင်အခြားအာဆီယံနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် အဘက်ဘက်မှ ပံ့ပိုးပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ နိုင်ငံတော်ကို ကိုယ်စားပြု၍ သွားရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည့်အတွက် အလွန်ပင် အားထားဂုဏ်ယူရပါကြောင်း၊ ပြိုင်ပွဲတွင် Teamwork ဖြင့် ယှဉ်ပြိုင်ရသော ကစားနည်းများအတွက် ခေါင်းဆောင်ဖြစ်သူ၏ စကားကို လိုက်နာရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအနေဖြင့် အားလပ်ချိန်များတွင် ပြိုင်ပွဲနှင့်သက်ဆိုင်သော အကြောင်းအရာများကိုကြိုတင်လေ့လာခြင်း၊ ပြိုင်ပွဲကျင်းပမည့် ဘရူနိုင်းနိုင်ငံ၏ ရိုးရာဓလေ့ထုံးစံများကိုလည်း ကြိုတင် လေ့လာထားခြင်းများ ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ပြိုင်ပွဲတွင် အခြားနိုင်ငံများမှ ပြိုင်ပွဲဝင်များနှင့်လည်း ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံကြရမည်ဖြစ်ကြောင်းနှင့် အုပ်ချုပ်သူများ၊ နည်းပြများ၏ သွန်သင်ဆုံးမမှုများအပေါ် လေးစားလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

(၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲကို ဘရူနိုင်းနိုင်ငံတွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပြေးခုန်ပစ်(မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀၊ မီတာ ၃၀၀၀၊ သံလုံးပစ်၊ သံပြားဝိုင်းပစ်၊ လှံတံပစ်)၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်နှင့်ဘတ်စကက်ဘော စသည့်အားကစားနည်းလေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများမှ လက်ရွေးစင် ကျောင်းသား ကျောင်းသူ (Grade–5 မှ Grade–12)စုစုပေါင်း ၅၂ဦး ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံရှိ အထင်ကရနေရာများ လှည့်လည်ကြည့်ရှုလေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့သော ၂၀၂၄–၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးနှင့် အုပ်ချုပ်သူများသည် ယမန်နေ့ နံနက်ပိုင်းက စင်ကာပူနိုင်ငံမှ လေကြောင်းခရီးစဉ်ဖြင့် ထိုင်းနိုင်ငံသို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ထူးချွန်ကျောင်းသားကျောင်းသူများသည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးက ခရီးစဉ်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ညပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများသည် Chao Phraya River Cruise ဖြင့် မြစ်ကြောင်းတစ်လျှောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများသည် ဗန်ကောက်မြို့ Assumption University ၌ တက္ကသိုလ်နှင့် ပတ်သက်သည့် အချက်အလက်များနှင့် ပို့ချလျက်ရှိသည့် သင်တန်းများကိုလည်းကောင်း၊ ပတ္တရားမြို့ရှိ Nong Nooch Garden ပန်းခြံအတွင်းရှိ ပြကွက်များနှင့် Museum များကိုလည်းကောင်း၊ ပတ္တရားကမ်းခြေ၏ သဘာဝအလှများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦးက နှလုံးသားလှဖို့စာဖတ်ပါ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်နွယ်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်း၊ ပုံပြော၊ ကဗျာရွတ်၊ စာစီစာကုံး၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ခင်မာခက်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်ပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေးစသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒဂုံတက္ကသိုလ်၌ လူမှုသိပ္ပံနှင့် သဘာဝသိပ္ပံဆိုင်ရာ သုတေသနစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်တွင် ကျင်းပသည့် လူမှုသိပ္ပံနှင့် သဘာဝသိပ္ပံဆိုင်ရာ သုတေသနစကားဝိုင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ရက်က အဆိုပါ တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အဆိုပါ ဆွေးနွေးပွဲတွင် ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းက အဖွင့်အမှာစကား ပြောကြားရာ အဆင့်မြင့်ပညာကဏ္ဍတွင် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းသည် အရေးကြီးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းကဏ္ဍသည် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် အသုံးချ လူမှုသိပ္ပံဆိုင်ရာ ခေါင်းစဉ်နှင့် အသုံးချ သဘာဝသိပ္ပံဆိုင်ရာ ခေါင်းစဉ်တို့ဖြင့် ပါမောက္ခဆရာမကြီးများ ဦးဆောင်သည့် ဆရာ ဆရာမများက ဆွေးနွေးကြသည်။

ဆက်လက်၍ သုတေသနစကားဝိုင်းသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများက ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

❖

# ပထမအကြိမ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံလေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (1st Myanmar Air Force – Sri Lanka Air Force Air Staff Talks) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ပထမအကြိမ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ လေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (1st Myanmar Air Force – Sri Lanka Air Force Air Staff Talks) ကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel တွင်ပြုလုပ်ရာ တပ်မတော်(လေ)မှ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ)(စက်မှုလက်မှု) ဗိုလ်ချုပ်မျိုးအောင်လတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သီရိလင်္ကာလေတပ်မှ Air Vice Marshal SDGM Silva ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




ဆွေးနွေးပွဲတွင် နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်၊ လေ့ကျင့်ရေး၊ ပညာရေးနှင့် အားကစားကဏ္ဍများတွင် အပြန်အလှန် ထိတွေ့ဆက်ဆံရေးဆောင်ရွက်နိုင်ရန်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ ဆက်လက်၍ နှစ်နိုင်ငံလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထိမ်းအမှတ် လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ညပိုင်းတွင် တွေ့ဆုံဆွေးနွေးခြင်း အထိမ်းအမှတ်ညစာစားပွဲကို Chatrium Hotel ၌ တည်ခင်းဧည့်ခံခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲလာရောက်စဉ် ကာလအတွင်း သီရိလင်္ကာလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗိုလ်တထောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Junction City၊ Cathedral of The Immaculate Conception (Catholic Church)၊ ကရဝိက်၊ ကန်တော်ကြီးနှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာလည်ပတ်ခဲ့ပြီး Chatrium Hotel ၌ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ လာရောက်ပြသသော မြန်မာ့ရိုးရာဝိုင်းခြင်းနှင့် တစ်ပင်တိုင်ခြင်း အလှပြကစားနည်းများကို အားပေးကြည့်ရှုခဲ့ကြသည်။ ယင်းနောက် သီရိလင်္ကာလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီဆိုင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဆီဆိုင် အောက်တိုဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ကြွယ်ကြွယ်ဝင်းနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၉ ဒသမ ၇ သန်းဖြင့် ထက်ခနအောင် ကုမ္ပဏီက ဆောင်ရွက်သည့် ဆီဆိုင်မြို့နယ် မိုက်တီး-နောင်ဘိုလမ်းပေါ်ရှိ ပေ ၂၀ သံကူကွန်ကရစ်ကြမ်းခင်း တံတားတစ်စင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၂၂၇ ဒသမ ၇ သန်းဖြင့် ပြည့်ကောင်းကုမ္ပဏီက ဆောင်ရွက်သည့် ဆီဆိုင်မြို့နယ် မကောက်(နောက်)-နောင်လိတ်-ကွန်မွန်း-ဖာလိုင်- ပန်ကန်းလေး- KFW (လမ်းခွဲ) လမ်းပေါ်ရှိ ပေ ၄၀ သံပေါင် သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

**ကျိုင်းတုံ အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရွှေဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်က မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က ရွှေဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်း သိကောင်းစရာများနှင့် ပြည်တွင်းအခွန်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ရွှေဆိုင်လုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



# မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယနေ့နံနက်ပိုင်းက ပြည်တော်သာရပ်ကွက်ရှိ Leaders Of Tomorrow International School တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောရာတွင် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းများနှင့် အရေးပေါ်မီးငြိမ်းသတ်နည်းများအကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုပစ္စည်းများအသုံးပြု၍ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရခြင်းအကြောင်းများကို ရှင်းလင်းဟောပြောသည်။

ယင်းနောက် ကျောင်းရှေ့မြေကွက်လပ်တွင် မီးသတ်ဆေးဘူးအသုံးပြုမီးငြိမ်းသတ်နည်းနှင့် ဆီမီးလောင်မှု အရေးပေါ်မီးငြိမ်းသတ်နည်းများကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်စေခြင်းဖြင့် လက်တွေ့ သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဟောပြော

**ပြင်ဦးလွင် အောက်တိုဘာ ၁၇**

ပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်သော လုပ်ငန်း၄မျိုးနှင့်ပတ်သက်၍ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)ရှိ စုပေါင်းရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နွေယမင်းစိုးက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကိုသိရှိရန်နှင့် လိုက်နာရမည့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ စသည့် အခွန်ဆိုင်ရာများကို အသေးစိတ်ရှင်းလင်းဟောပြောသည်။

ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





# ပုသိမ်မြို့ရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ပုသိမ် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများအား မီးဘေးလုံခြုံမှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မျိုး ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွဋ်နှင့် အရာရှိများ ပါဝင်သောတပ်ဖွဲ့ဝင်များက မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရန်နှင့် ဖြစ်ပွားလာပါက အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်စေရေးအတွက် ဌာနဆိုင်ရာရုံးအဆောက်အအုံများတွင် တပ်ဆင်ထားသော မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများအား အသင့်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိနှင့် အရေးပေါ်လွတ်မြောက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မေချို(ပြန်/ဆက်)**

**“လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”**

# ကျွန်ုပ်တို့၏ မျှော်လင့်ချက်များ ......

သဲဟန်(ဘန်ကောက်)

ကျွန်ုပ်တို့စိတ်ကူးယဉ် မျှော်လင့်မိပါသည်။

ကျွန်ုပ်တို့ မျှော်လင့်နေသော နိုင်ငံတော်၊ ကျွန်ုပ်တို့ မျှော်လင့်နေသော နိုင်ငံရေးပါတီ၊ နိုင်ငံရေးသမား ဘယ်လိုတွေများ ဖြစ်လာကြဦးမှာပါလိမ့်။

ကျွန်ုပ်တို့ မျှော်လင့်နေသော နိုင်ငံရေးသမားများက နိုင်ငံရေးလုပ်စားသူများ မဖြစ်စေလိုပါ။ နိုင်ငံကို မိမိအရေးအတွက် လုပ်စားသူများ မဖြစ်စေလိုပါ။ နိုင်ငံ၏ အရေးကို ရေရှည်မြော်တွေးနိုင်သော၊ Vision ရှိသော Mission သာ ဖြစ်စေလိုပါသည်။

ကျွန်ုပ်တို့နိုင်ငံ၏ လားရာကို ပဲ့ကိုင်မည့် နိုင်ငံရေးသမားများသည် လူသားဆန်သော၊ စိတ်ကောင်းနှလုံးကောင်းရှိသူများသာ ဖြစ်စေလိုပါသည်။ ဖြောင့်မတ်သော ဉာဏ်ပညာကြီးသော၊ ဝမ်းစာပြည့်သူများသာ ဖြစ်စေလိုပါသည်။

ကျွန်ုပ် စိတ်ကူးယဉ် မျှော်လင့်မိပါသည်။ ဗုဒ္ဓနည်းကျ နိုင်ငံရေး ပြန်လည်အသက်ဝင်ထွန်းကားစေလိုပါသည်။ ဘာသာရေးလွတ်လပ်ခွင့်ပေးထားပြီး မတူညီသော လူမျိုးနှင့် ဘာသာတရားများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒကို ဆက်လက်ထားရှိ၍ ဗုဒ္ဓဘာသာကို ပိုမိုအလေးထားစောင့်ရှောက်သူများ ဖြစ်ပါစေဟု စိတ်ကူးယဉ်မိပါသည်။

ဗုဒ္ဓနည်းကျ နိုင်ငံရေးဟူသည်ကား အဘယ်နည်း။ ဗိုလ်ချုပ်အောင်ဆန်းပြောသည့် နိုင်ငံရေးသမားစိတ်ဓာတ်ဆိုသည်ကား အဘယ်နည်း။

ဦးကုလားရေးသားသော မဟာရာဇဝင်ကြီးမှ ရာဇဓမ္မ၊ မဟာသမ္မတဆိုသည်ကား အဘယ်သို့ဆိုလိုရင်းမည်ပါသနည်း။

သင်္ဂဟတရားလေးပါးဆိုသည်ကား အဘယ်သို့ ဆိုလိုခြင်းမည်ပါသနည်း။

ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်းလာ မင်းတိုင်ပင်အဖွဲ့နှင့် မနုဓမ္မသတ် ဤရှေးရိုးဗုဒ္ဓနည်းကျအုပ်ချုပ်ရေးစနစ် ပြန်လည်သက်ဝင်လာနိုင်၊ မလာနိုင်၊ ကျွန်ုပ်စိတ်ကူးယဉ်ကြည့်မိပါသည်။

**ဗိုလ်ချုပ်ပြောသည့် နိုင်ငံရေးသမားစိတ်ဓာတ်**

နိုင်ငံရေးသမားကောင်းတစ်ယောက် ဟုတ် / မဟုတ်၊ ရွှေစစ် / မစစ်ချိန်ထိုးရန် အချက် ၆ ချက်ကို ကြည့်ကြည့်ရအောင်ပါ –

(၁) တိုင်းပြည်တွင် ကျရောက်နေသည့်ဘေးကို တကယ်စွန့်စားကယ်တင်ချင်သောစိတ်ဓာတ်မျိုး ရှိရပါမည်။

(၂) အလုပ်လုပ်ကိုင်သည့်နေရာတွင် ရိုးသားမှုအပြည့်အဝ ရှိရပါမည်။

(၃) စွန့်စားရမည့်နေရာတွင်လည်း ဖွဲ၊ သတ္တိနှင့်ပြည့်စုံပြီး ကိုယ်ကျိုးစွန့်၊ အသက်ကိုစွန့်ရဲသည့် စိတ်ဓာတ်မျိုး ရှိရပါမည်။

(၄) ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လုပ်ချင်တာကို အမှန်ဟုယူဆသည့် တစ်ဖက်စောင်းနင်းစိတ်ဓာတ် လုံးဝမရှိရပါ။

(၅) ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်ကိုယ်ကိုယ် အားကိုးယုံကြည်သော မျိုးချစ်စိတ်ဓာတ် ရှိရပါမည်။

(၆) အမြဲတမ်းလေ့လာသင်ကြားနေလိုစိတ်ဖြင့် လုပ်ရင်းကိုင်ရင်း လေ့လာရင်း ရရှိသည့်အတွေ့အကြုံ၊ ဗဟုသုတများကို ဉာဏ်ပညာဖြင့်၊ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်နိုင်စွမ်း ရှိရပါမည်။

ကိုယ်အနိုင်ရရေးအတွက် ကြမ်းပိုးကိုလိပ်ဖြစ်အောင်ပြော၊ မဲဆွယ်သည့် နိုင်ငံရေးသမားမျိုးကို ကျွန်ုပ်တို့ အလိုမရှိပါ။

**မဟာသမ္မတမင်းနှင့်ရာဇဓမ္မ**

ဦးကုလားရေးသားသော မဟာရာဇဝင်ကြီး၌ ဖော်ပြထားသည့် မဟာသမ္မတမင်းသည် ရာဇဓမ္မ ၁၀ ပါး၊ ရာဇဂုဏ် ရှစ်ပါး၊ အပရိဟာနိယတရား ခုနစ်ပါး၊ သင်္ဂဟတရားလေးပါးနှင့်အညီ အုပ်စိုးခဲ့သည်ဟု ဖော်ပြပါရှိပါသည်။ ဗုဒ္ဓနည်းကျ တိုင်းပြည်အုပ်ချုပ်သည့် မြန်မာ့ဒီမိုကရေစီစံနမူနာဟု ဆိုရပါမည်။ ဒါန၊ သီလ၊ ပရိစ္စာဂ၊ အဇ္ဇဝ၊ မဒ္ဒဝ၊ တပ၊ အက္ကောဓ၊ အဝိဟိံသ၊ ခန္တီ၊ အဝိရောဇနကို ဖက်ဒရယ်ဒီမိုကရေစီဟု ဆိုလိုတာပါ။

၁။ “ဒါန”– ဤနေရာတွင် တိုင်းသူပြည်သားများ၏ လွတ်လပ်ခွင့်ကို တရားမျှတမှုဖြင့် ရက်ရောစွာ ခွင့်ပြုပေးကမ်းမှုဟု ဖွင့်ဆိုနိုင်ပါသည်။

၂။ “သီလ”– ဤ နေရာတွင် ကိုယ်ကျင့်တရားကောင်းခြင်းဟု ဆိုလိုပါသည်။ တိုင်းသူပြည်သားများကို လိမ်ညာလှည့်ပတ်ပြောဆိုမှု၊ ကတိကဝတ်ပျက်ကွက်မှု၊ မတရားထိခိုက်နစ်နာစေမှု ကင်းရှင်းရပါမည်။ မဲဆွယ်စဉ်က အပြောတစ်မျိုး၊ အာဏာရလာတော့ အလုပ်ကတစ်မျိုး မဖြစ်ရပါ။

၃။ “ပရိစ္စာဂ” – စွန့်ကြဲပေးကမ်းခြင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ဦးစားပေးပြီး မိမိကိုယ်ကျိုးကို စွန့်လွှတ်အနစ်နာခံခြင်းဟု ဆိုလိုပါသည်။ ကိုယ်ကချမ်းသာနေပြီး တိုင်းသူပြည်သားများငတ်နေလျှင် ပရိစ္စာဂပျက်စီးခြင်းမည်ပါသည်။

၄။ “အဇ္ဇဝ” – ရိုးသားဖြောင့်မတ်ခြင်း၊ တိုင်းပြည်လူအများ၊ တိုင်းရင်းသားမကျန်၊ နိုင်ငံသားအားလုံးအပေါ် ရိုးသားဖြောင့်မတ်ရပါမည်။ နိုင်ငံတကာ ဆက်ဆံရေး၊ သံခင်းတမန်ခင်း အတတ်ပညာများ ကျွမ်းကျင်လိမ္မာပါးနပ်စွာ ကိုင်တွယ်တတ်ရပါမည်။

၅။ “မဒ္ဒဝ”– နူးညံ့သိမ်မွေ့ခြင်း၊ နိုင်ငံသားများအပေါ် ကြင်နာသနားစိတ်နှင့် ငဲ့ညှာ၊ သက်သက်ညှာညှာ ဥပဒေနှင့်အညီ အုပ်ချုပ်တတ်ရပါမည်။

၆။ “တပ”– ခြိုးခြံချွေတာခြင်း၊ ဆိုလိုသည်မှာ နိုင်ငံသားများအပေါ် သင့်တင့်လျောက်ပတ်သည့် အခွန်၊ ဥပမာ–ဆယ်ဖို့တစ်ဖို့ကောက်ခံခြင်း၊ မနိုင်မနင်းဝန်ပိအောင် မကောက်ရပါ။ နိုင်ငံသားများကလည်း အခွန်မရှောင်ရပါ။ အစိုးရအဖွဲ့ဝင်များနှင့် သူဌေးကြီးများသည်လည်း အခွင့်ထူးအခွင့်ခံ လူတန်းစားများမဖြစ်ရပါ။

၇။ “အက္ကောဓ”– အမျက်ဒေါသမထွက်ရပါ၊ နိုင်ငံသားများက နိုင်ငံ့အရေးသော်လည်းကောင်း၊ နိုင်ငံရေးပါတီများအပေါ် သော်လည်းကောင်း၊ အကြံပြု အပြုသဘောဆောင် ဝေဖန်ထောက်ပြလျှင် အမျက်ဒေါသဖြင့် နိုင်ထက်စီးနင်း မပြုရပါ။

❖ **ကျွန်ုပ်တို့မျှော်လင့်နေသော နိုင်ငံရေးသမားများက နိုင်ငံရေးလုပ်စားသူများ မဖြစ်စေလိုပါ။ နိုင်ငံကို မိမိအရေးအတွက် လုပ်စားသူများ မဖြစ်စေလိုပါ။ နိုင်ငံ၏အရေးကို ရေရှည်မြော်တွေးနိုင်သော၊ Vision ရှိသော Mission သာဖြစ်စေလို**

❖ **ကျွန်ုပ်တို့နိုင်ငံ၏လားရာကို ပဲ့ကိုင်မည့်နိုင်ငံရေးသမားများသည် လူသားဆန်သော၊ စိတ်ကောင်းနှလုံးကောင်းရှိသူများသာ ဖြစ်စေလိုပါသည်။ ဖြောင့်မတ်သော ဉာဏ်ပညာကြီးသော၊ ဝမ်းစာပြည့်သူများသာဖြစ်စေလို**

၈။ “အဝိဟိံသ”–မညှဉ်းဆဲခြင်း၊ ဆိုလိုသည်မှာ အပြစ်ရှိသူကို အပြစ်အထိုက်အလျောက် အပြစ်ပေးရမည်ဖြစ်သော်လည်း ညှဉ်းပန်းနှိပ်စက်ခြင်းမပြုရပါ။

၉။ “ခန္တီ”– သည်းခံခြင်း၊ စိတ်ရှည်ခြင်း အရေးကြီးပါသည်။ အင်အားကြီးသူက အင်အားနည်းသူအပေါ် နိုင်ထက်စီးနင်း၊ ပါဝါအာဏာမပြုရပါ။ စိတ်ရှည်သီးခံနားထောင်ပေးနိုင်ရပါမည်။ ပြဿနာဖြေရှင်းပေးနိုင်အောင် သူတို့၏ပြဿနာဇာစ်မြစ်ကို နားထောင်ပေးရပါမည်။

၁၀။ “အဝိရောဇန”–မဆန့်ကျင်ခြင်းဟု ဆိုလိုပါသည်။ ပြည်သူများ၏ ဆန္ဒကို မဆန့်ကျင်ရပါ။ ငါနဲ့မတူ ငါ့ရန်သူ ဆန့်ကျင်မှုမျိုး မပြုလုပ်ရပါ။ ညှိနှိုင်းဆွေးနွေးစကားဝိုင်းပုံစံ လုပ်နိုင်ရပါမည်။

**ဗုဒ္ဓနည်းကျ ဒီမိုကရေစီ/ဖက်ဒရယ်ဒီမိုကရေစီ**

ရာဇဓမ္မ၊ သင်္ဂဟကျမ်းလာ မဟာသမ္မတမင်းတင်မြှောက်ပုံကို ဗုဒ္ဓနည်းကျဒီမိုကရေစီဟုဆိုလျှင် မမှားနိုင်ပါ။ လူအပေါင်းတို့ စုဝေးပြီး အုပ်ချုပ်မည့်သူကို တညီတညွတ်တည်း သဘောတူတင်မြှောက်ခဲ့ခြင်းကြောင့် “မင်း”ဟု ပေါ်ပေါက်လာခဲ့ရပါသည်။ ပြည်သူအပေါင်းက မင်းအဖြစ်တင်ပြမည့်သူကို ဤသို့ပြောပါသည်။ “**ကျွန်ုပ်တို့ ပြည်သူတွေ အချင်းချင်းခိုက်ရန်ဖြစ်ပွားပါက၊ စီရင်ဆုံးဖြတ်ပေးမယ့်သူမရှိဖြစ်နေပါတယ်။ သင်သည် လယ်လုပ်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းမပြုပါနှင့်၊ ကျွန်ုပ်တို့လုပ်ဆောင်သော စီးပွားမှ အခွန်ဘဏ္ဍာများဆောင်ကြပါမယ်။ မင်းကျင့်တရားနဲ့အညီသာ အသင့်စီမံအုပ်ချုပ်ပေးပါ**”လို့ တောင်းဆိုပြီး အုပ်ချုပ်ခိုင်းခြင်းကြောင့် အုပ်ချုပ်သည့်မင်း ပေါ်ပေါက်လာခဲ့ရသည်ဟု ဖတ်မှတ်ခဲ့ဖူးပါသည်။ တိုင်းပြည်ကို အမှန်တကယ်စောင့်ရှောက်နိုင်မည့် ဉာဏ်ပညာနှင့်ပြည့်စုံသောသူကို မင်းအဖြစ်တင်မြှောက်ကြခြင်းကြောင့် မဟာသမ္မတမင်းဟု ခေါ်တွင်လာကြကြောင်း မှတ်သားလေ့လာဖူးပါသည်။

“မင်း”ဆိုသည့် သက်ဦးဆံပိုင်အခွင့်အရေးကို "Divine Right of Kings" ပြည်သူကြောင့် ပေါ်ပေါက်လာရသော သင်္ဂဟတရားလေးပါးနှင့်အညီ အုပ်ချုပ်စေခြင်းကြောင့် တိုင်းပြည်အုပ်ချုပ်သူ “မင်း”သည် ပြည်သူက ပေးအပ်သည့် တာဝန်၊ အမှုတော်ကို ထမ်းဆောင်ရသော၊ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ရသော “မဟာသမ္မတ”ဟု ပေါ်ပေါက်ခဲ့ရသည်ကို စာပေ၌ အတိအကျမှတ်သားခဲ့ရဖူးပါသည်။

**သင်္ဂဟတရားလေးပါး**

သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂ အဋ္ဌကထာ၊ ယညသုတ္တဝဏ္ဏနာ စာမျက်နှာ ၁၃၃ ကို ကျမ်းကိုးယူရလျှင် (က) သဿမေဓ (ခ) ပုရိသမေဓ (ဂ) သမ္မာပါသ (ဃ) ဝါစာပေယျ ဟု ဖော်ပြထားပါသည်။

(က) “သဿမေဓ”ဆိုသည်မှာ လူအပေါင်းတို့သည် မိမိတို့ရှာဖွေစုဆောင်းရရှိလာသည့် ပစ္စည်းများထဲမှ ဆယ်ဖို့တစ်ဖို့ကို မင်းထံ အခွန်ဆောင်ရပါသည်။ တချို့ ပါဠိကျမ်းဂန်များတွင် ဆယ်ဖို့တစ်ဖို့ဟုမပြောဘဲ နိုင်ငံ့အင်အားအလျောက် သင့်လျော်အောင် ကောက်ခံရန်သာ ဖော်ပြပေးပါသည်။ ဝင်ငွေသိပ်နည်းပါးသူများကို သင့်တင့်လျောက်ပတ်အောင်သာ ကောက်ခံပြီး ထိုအခွန်ငွေဖြင့် တိုင်းပြည်သာယာဝပြောအောင် အုပ်ချုပ်ရန်ဖြစ်ပါသည်။ ပြည်သူကဆောင်သော အခွန်ငွေဖြင့် လမ်းတံတား၊ ဆက်သွယ်ရေး၊ လျှပ်စစ် စသောအဆောက်အအုံများ တိုးတက်အောင် အုပ်ချုပ်ရန်သာဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် လစာနည်းသူ အချိုးကျနည်းနည်းဆောင်ရပြီး (ဥပမာ–၁၀%)၊ လခများသူကများသလို (ဥပမာ–၄၀%)ဆောင်ရပါသည်။

(ခ) “ပုရိသမေဓ”–ဆိုသည်မှာ မင်း၊ မှူးမတ်၊ ရဲမက်၊ လက်နက်ကိုင်၊ လုံခြုံရေးဝန်ထမ်းများ၊ သက်စွန့်ဆံဖျားတာဝန်ထမ်းဆောင်နေရသူများကို ကောက်ခံရရှိသည့် အခွန်များထဲမှ မိသားစုစားဝတ်နေရေး၊ ပညာရေးနောက်ကြောင်းအေးအောင် ပေးကမ်းထောက်ပံ့ရပါမည်။ နိုင်ငံကို လုံခြုံရေးကာကွယ်စောင့်ရှောက်ပေးသူများကို ကြီးစဉ်ငယ်လိုက် စားဝတ်နေရေး၊ သားသမီး၊ ပညာရေးလုံလောက်အောင် ထောက်ပံ့ ပံ့ပိုးပေးရမည်မှာ မဟာသမ္မတ၏ မင်းတို့ကျင့်ရမည့်တရားသာ ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်များကို လုံလောက်အောင်ပံ့ပိုးပေးနိုင်လျှင် လာဘ်စားမှု၊ အဂတိလိုက်စားမှုနည်းပြီး တရားဥပဒေစိုးမိုးရေး ပိုကောင်းမွန်လာနိုင်ပါသည်။ ရဲတပ်ဖွဲ့တန်းလျား၊ စစ်သည်တန်းလျားများကို သွားကြည့်မိလျှင် ဘာကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များကို လာဘ်ထိုး၍မရသလဲဟု အဖြေထွက်လာပါသည်။ နိုင်ငံတော်က လုံလောက်အောင် လုံခြုံရေးဝန်ထမ်းများကို စောင့်ရှောက်ပေးရန် အလွန်ကို လိုအပ်နေပါပြီ။

(ဂ) “သမ္မာပါသ”– ဆိုသည်မှာ ပြည်တွင်းရှိ ကုန်သည်၊ လယ်လုပ်ယာလုပ် လယ်သမားများကို ကြည့်ရှုစောင့်ရှောက်ခြင်း၊ အရင်းအနှီးလိုအပ်လျှင် ထုတ်ပေးခြင်း၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ လယ်သမားထုတ်လုပ်သူများအတွက် ဈေးကွက်ရှာပေးခြင်း၊ ရောင်းအားမြင့်အောင် ကြားဝင်ကူညီပေးခြင်းများ၊ လွတ်လွတ်လပ်လပ် ကုန်သွယ်လုပ်ကိုင်နိုင်မည့် စည်းမျဉ်းဥပဒေများ အတိုးအလျှော့ ကိုင်တွယ်ပေးခြင်းများ ပါဝင်ပါသည်။ ကုန်သည်လယ်လုပ်များက အုပ်ချုပ်သူတို့အပေါ် အားကိုးလာမည်။ ကြည်ညိုလာမည်၊ ချစ်ခင်လာမည်၊ အားကိုးချစ်ခင်စိတ်များ ရှိလာအောင် အုပ်ချုပ်သူများက အလုပ်နှင့် သက်သေပြကြရပါမည်။ သမ္မာပါသဆိုသည်မှာ အုပ်ချုပ်သူလူတန်းစားကို ပြည်သူက ချစ်ခင်အားကိုးယုံကြည်မှုရအောင် တကယ်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

**စာမျက်နှာ ၁၅ သို့** ❒

# မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

❒ စာမျက်နှာ ၁၄ မှ

(ဃ) “ဝါစာပေယျ”-ဆိုသည်မှာ မင်းသည် ချီးမြှောက်ထောက်ပံ့ခြင်းပြုပေးရသည်။ ကိုယ်ရသည်ကို ပေးတန်သလောက် ပြန်ပေးရသည်။ အမြဲပြုံးရွှင်နေပြီး ချစ်ဖွယ်သောစကားကို ဆိုတတ်ခြင်း၊ ပြည်သူချစ်အောင် နေတတ်ခြင်း၊ ပြည်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ နွေးထွေးစွာ နေထိုင်ပြောဆိုတတ်ခြင်းများကို ဝါစာပေယျဟု စာတွင် ပြောထားပါသည်။

နိရဂ္ဂနုတရားနှင့်ပြည့်စုံသည့်နိုင်ငံကို နိရဂ္ဂနုတံခါးရွက်၊ မင်းတုပ်မရှိသော မင်းကျင့်တရားနှင့်ပြည့်စုံသောနိုင်ငံဟု ခေါ်ပါသည်။ မင်းတို့က ဤသင်္ဂဟတရားလေးပါးနှင့်အညီ အုပ်ချုပ်ကြသည်။ တိုင်းနေပြည်တော်အတွင်း ခိုးဝှက်လုယက်မည့်သူမရှိ၊ အိမ်ဝင်းနှင့် မြို့ပြ များတွင် တံခါးရွက်၊ မင်းတုပ်နှင့် -----မတပ်ဘဲ ဟင်းလင်းဖွင့်ပြီး နေထိုင်နိုင်ကြသည်။

**မင်းတိုင်ပင်အဖွဲ့**

ရာဇဓမ္မသာဟိကကျမ်းတွင် ယောအတွင်းဝန် ဦးဘိုးလှိုင်က မနုဓမ္မသတ်ဆိုသည့် ပြည်ထောင်စုအစိုးရ၊ တိုင်းပြည်အုပ်ချုပ်ပုံကို ရှင်းပြထားပါသည်။ မနုဓမ္မသတ်၌ “မင်းနှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်နည်းဖြင့် အုပ်ချုပ်ရမည်။ သို့မှသာ အသိဉာဏ် တိုးတက်မည်၊ မင်းတိုင်ပင်အဖွဲ့ထားရမည်”ဟု ဆိုထားပါသည်။ မင်းတိုင်ပင်အဖွဲ့တွင် ဘာတွေပါသလဲဆိုလျှင် -

- (၁) ဝိဇ္ဇာရိယသဘာ{ ပညာရေး (သို့) ဥပဒေပြုရေးလွှတ်တော်}၊
- (၂) ဓမ္မာရိယာသဘာ{သာသနာရေး (သို့) တရားစီရင်ရေးတရားလွှတ်တော်}၊
- (၃) ရာဇာရိယသဘာ {အုပ်ချုပ်ရေး (သို့) ပြည်ထောင်စုအစိုးရအဖွဲ့} ထိုသို့ သုံးဌာနခွဲပြီး တိုင်းပြည်ကို ပူးပေါင်းအုပ်ချုပ်ခြင်းဖြစ်သည်။

မင်းသည် တိုင်းသူပြည်သားများကို အတတ်ပညာမျိုးစုံ သင်ကြားနိုင်ခွင့် ဖန်တီးပေးရမည်။ ဘာသာတရားနှင့် လောကနီတိသင်ကြားရန် အခွင့်အရေးများ ဖန်တီးပေးရမည်။ “သေနာစ”ဟု ခေါ်သည့် စစ်ဆင်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များဖြင့် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်ပေးရပါမည်။

ညီလာခံတွင် တိုက်တွန်းပေးရမည့် မင်းတို့၏ တာဝန်အနေဖြင့် အမြဲနှိုးဆော်ပေးနေရမည်မှာ “ယဉ်ကျေးပြီး၊ အရည်အချင်းရှိသော၊ စည်းကမ်းရှိသော အမတ်မင်းများဖြစ်စေရန် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အစီအရင်ဥပဒေကို လေးစားလိုက်နာကြလော့” ဟု မိမိအစိုးရအဖွဲ့ကို အမြဲသတိပေးနှိုးဆော်နေရပါမည်။

> **❛ အမိမြန်မာနိုင်ငံတော်သည် ဝမ်းစာပြည့်သော နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများ၊ လူသားဆန်သော ဖြောင့်မတ်သော သမာသမတ်ရှိသူများဖြင့် ဖွဲ့စည်းထားသည့် မဟာသမ္မတနှင့် ဗုဒ္ဓနည်းကျသော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးကို သင်္ဂဟလေးပါး၊ မင်းကျင့်တရားနှင့်အညီ နိုင်ငံတော်ကို ပြန်လည်ပြုပြင် ဦးဆောင်နိုင်သည့် ဗုဒ္ဓနည်းကျ နိုင်ငံတော်သစ်ကြီးအဖြစ် ရှေ့သို့ချီ . . . ❜**

မင်းတိုင်ပင်အဖွဲ့က ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးရမည်ဖြစ်သလို တစ်ဦးတစ်ယောက်တည်းကိုသာ အာဏာကုန်လွှဲအုပ်ချုပ်ခွင့်မပြုရပါ။ ရှေးမင်းတို့အုပ်ချုပ်ရာ၌ “မင်း”နှင့် “မင်းတိုင်ပင်အဖွဲ့”သည် ပြည်သူ့လက်အောက်၊ ပြည်သူသည်လည်း “မင်း”နှင့် “မင်းတိုင်ပင်အဖွဲ့” ၏ လက်အောက် Check & Balance ရှိရပါမည်။ အဆင့်ဆင့်ပြန်လည်ထိန်းချုပ်ပြီး ညှိနှိုင်းအုပ်ချုပ်ရေးဖြစ်ပါသည်။ ဌာနတစ်ခုနှင့်တစ်ခု မညှိနှိုင်းဘဲ သူတစ်လူ ငါတစ်မင်း ထင်ရာစိုင်း အာဏာမပြရပါ။

**မင်း၏အရည်အချင်း**

ရှေးခေတ်မင်းရွေးသည့်အခါ ရှိရမည့်အရည်အချင်းများ သတ်မှတ်ထားပြီးဖြစ်ပါသည် -

- (၁) လူအပေါင်းတို့ထက် ထူးကဲသော အစိုးရခြင်းကို ပြုတတ်သူ၊
- (၂) ရန်သူအပေါင်းတို့အား အောင်နိုင်စွမ်းသောသူ၊
- (၃) သဘာပတိဖြစ်ထိုက်သော ချီးကျူးလောက်သောဂုဏ်၊ ကိစ္စသဘောတရားနှင့် ပြည့်စုံသောသူ၊
- (၄) ပူဇော်သက္ကာယပြုထိုက်သောသူ၊
- (၅) ခိုကိုး အားကိုးထိုက်သောသူ၊
- (၆) ရှိခိုးထိုက်သောသူကိုသာ ဥက္ကဋ္ဌ၊ သဘာပတိတင်မြှောက်ကြရပါသည်။ ပညာရှိတို့နှင့် ပြည့်နေသော၊ မြတ်သောအစိုးရအဖွဲ့ဝင်များ ဖြစ်စေရပါမည်။ တိုင်းပြည်၏အမွေအနှစ်၊ ဥစ္စာပစ္စည်းတို့ကို စောင့်ရှောက်ပေးနိုင်သူ ဖြစ်ရပါမည်။ ပြည်သူနှင့် မကင်းကွာ၊ ပြည်သူ့အသံကို နားထောင်ပေးသူနှင့် နီးနှောတိုင်ပင်သူ၊ မျက်နှာကြီးငယ်မလိုက်ဘဲ ဥပဒေနှင့်အညီ အုပ်ချုပ်သူဖြစ်ရပါမည်။ ပြည်သူ ပြည်သားအားလုံး၏ အဆွေခင်ပွန်း၊ ကြင်နာတတ်သော တစ်နိုင်ငံလုံးရှိ ရန်အပေါင်းကို ကင်းစင်အောင်တိုက်ထုတ်၊ ဖြေရှင်း၊ စောင့်ရှောက်ပေးနိုင်သူဖြစ်ရပါမည်။

မင်းအစိုးရတို့ တရားရှိလျှင်ရှိသလို တိုင်းပြည်သာယာဝပြောမည်။ တရားမရှိလျှင် မရှိသလို ဆုတ်ယုတ်ပါမည်။ မင်းတိုင်ပင်အဖွဲ့ ဌာနသုံးခုမှ အကြံပေးသည့်အတိုင်း ကောင်းမြတ်သော၊ လက်တွေ့ဆန်သော စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းပြီး ထိုစည်းမျဉ်းဥပဒေနှင့်အညီ အုပ်ချုပ်ရမည်ဖြစ်ပါသည်။

မင်းတိုင်ပင်အဖွဲ့သည် တိုင်းသူပြည်သားများ သာယာဝပြောရေးအတွက် အမှန်တကယ် အပီအပြင် အကြံပေးနိုင်သူဖြစ်ရပါမည်။ အကြံပြုသူများကိုလည်း လက်ခံရမည်ဖြစ်ပါသည်။ ဥပဒေဘောင်အတွင်းမှ အများပြည်သူ၏အကျိုးတရားကို ပြုမည့်သူဖြစ်ရပါမည်။

ကျွန်ုပ်စိတ်ကူးယဉ်မျှော်လင့်မိပါသည်။

ကျွန်ုပ်မျှော်လင့်နေသော အမိမြန်မာနိုင်ငံတော်သည် ဝမ်းစာပြည့်သော နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများ၊ လူသားဆန်သော ဖြောင့်မတ်သော သမာသမတ်ရှိသူများဖြင့် ဖွဲ့စည်းထားသည့် မဟာသမ္မတနှင့် ဗုဒ္ဓနည်းကျသော ဒီမိုကရေစီဖက်ဒရယ် နိုင်ငံတော်ကြီးကို သင်္ဂဟလေးပါး၊ မင်းကျင့်တရားနှင့်အညီ နိုင်ငံတော်ကို ပြန်လည်ပြုပြင် ဦးဆောင်နိုင်သည့် ဗုဒ္ဓနည်းကျ နိုင်ငံတော်သစ်ကြီးအဖြစ် ရှေ့သို့ ချီနိုင်ရန် ကျွန်ုပ် စိတ်ကူးယဉ်မိပါသည်။ ။

✧ **ကျောဖုံးမှ**


ထိုသို့ သီပေါမြို့နှင့် ယင်းဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် စစ်ကြောင်းများခွဲ၍ ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အကြမ်းဖက် သောင်းကျန်းသူများ ခိုအောင်းလျက်ရှိသည့် ဆိုင်းခေါင်ကျေးရွာ၊ နောင်ပိန်လေးကျေးရွာ၊ ဇောတိကုန်းကျေးရွာ၊နမ့်ဟူးတောင်(အောက်)၊ နမ့်ဟူးတောင်(အထက်)နှင့်ပန်ဟက်ကျေးရွာ၊အောက်တိုဘာ ၃ရက်တွင်ကျောက်မဲကြီးကျေးရွာ၊ အောက်တိုဘာ ၄ ရက်တွင် ခိုတင်ကျေးရွာ၊ ပွိုင့်-၉၄၇ တောင်ကုန်းနှင့် ပန်ဟုတ်ကျေးရွာ၊ အောက်တိုဘာ ၅ ရက်တွင် နားခေါ်ကျေးရွာ၊ ခဲမွန်ကျေးရွာနှင့် ဗူးခါးကျေးရွာ၊ အောက်တိုဘာ ၆ ရက်တွင် လွယ်ခေါ်ကျေးရွာ၊ အောက်တိုဘာ ၉ ရက်တွင် ချောင်းချောက် ကျေးရွာနှင့် အောက်တိုဘာ ၁၀ ရက်တွင် နောင်အန်းကျေးရွာနှင့်ယင်းကျေးရွာအနီးရှိ ရန်သူ့စခန်းကုန်းတို့အား အဆင့်ဆင့်သိမ်းပိုက်ရရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် တပ်မတော် စစ်ကြောင်းများသည် ရန်သူထင်မှတ်မထားသည့် နေရာမှ အကျယ် ပေ ၁၁၀၊ အနက် ၁၂ ပေခန့်ရှိပြီး ၁ နာရီ ၅ မိုင်နှုန်းခန့် စီးဆင်းနေသည့် ရေစီးသန်သော နမ့်ပန်စီချောင်းကို စစ်နည်းဗျူဟာမြောက် ပေါင်းကူးခြေကုပ်ရယူ၍ ခဲရာခဲဆစ်ဖြတ်ကူးကာ အကြမ်းဖက် သောင်းကျန်းသူများအား လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ အောက်တိုဘာ ၁၂ ရက်တွင် တိမ်းခမ်းကျေးရွာနှင့် ငွန်ဆိုင်းကျေးရွာ၊ အောက်တိုဘာ ၁၃ ရက်တွင်မူလေးကျေးရွာ၊ရေပူကျေးရွာ၊ လောင်ခွန်ကျေးရွာနှင့် ပုံဖန်းကျေးရွာ၊ အောက်တိုဘာ ၁၄ ရက်တွင် မန်လွယ်ကျေးရွာ၊ ကျင်သီကျေးရွာတစ်ဝိုက်၊ အောက်တိုဘာ ၁၅ ရက်တွင် ဘော်ကြိုကျေးရွာ၊ ကောင်းခါးကျေးရွာနှင့် နားခဲကျေးရွာ၊ အောက်တိုဘာ ၁၆ ရက်တွင် ခါလိမ်ခါလွေကျေးရွာမှတစ်ဆင့် သီပေါတိုးဂိတ်တို့ကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။

ထိုသို့ အဆင့်ဆင့် နေရာတစ်ခုပြီးတစ်ခု ချီတက်ရှင်းလင်းသိမ်းပိုက်စဉ် တပ်မတော်စစ်ကြောင်းများ ကျင်သီကျေးရွာအနီးသို့ အရောက် TNLA အကြမ်းဖက် သောင်းကျန်းသူများသည် ကျောက်မဲမြို့နှင့် သီပေါမြို့အကြားရှိ အလျားပေ ၂၀၀ နှင့် အနံ ၂၈ ပေရှိ ရေစီးသန်သည့် နမ့်ပန်စီ ချောင်းကူးတံတားဖြစ်သည့်ကျင်သီတံတားအားယုတ်မာရိုင်းစိုင်းစွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်လျက်ရှိစဉ် တပ်မတော်စစ်ကြောင်းများက အချိန်မီရောက်ရှိသွားသည့်အတွက် တံတားအား အလုံးစုံမိုင်းခွဲ ဖျက်ဆီးနိုင်ခြင်းမရှိဘဲ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးကာ အချို့အား မိုင်းခွဲဖျက်ဆီးခဲ့သည့်အပြင် လမ်းကြောင်းတစ်လျှောက်တွင်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများဖြစ်စေရန် မိုင်းများဖြင့် အတားအဆီးများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းရှိ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများအား ဒေသခံတိုင်းရင်းသား ပြည်သူများ အန္တရာယ် မဖြစ်စေရန်အတွက် စနစ်တကျ ဖယ်ရှားရှင်းလင်းခြင်း၊ ပျက်စီးနေသည့် တံတားနေရာများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ညတွင်းချင်း ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက် သောင်းကျန်း သူများအား တပ်မတော် စစ်ကြောင်းများက ထက်ကြပ်လိုက်လံ ချေမှုန်းခဲ့သည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများ သီပေါမြို့အဝင် Toll Gate သို့ရောက်ရှိစဉ် TNLA အကြမ်းဖက် သောင်းကျန်းသူများသည် သီပေါမြို့အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူပိုင်အဆောက်အအုံများအား မီးရှို့ထွက်ပြေးသွားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက မြို့အတွင်းသို့ အလျင်အမြန် ဝင်ရောက်ရှင်းလင်း၍ အခြားအဆောက်အအုံများ မီးကူးစက်မှုမရှိစေရေး မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် မြို့တွင်း လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် သီပေါမြို့အား တပ်မတော်က အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။ အလားတူ သီပေါမြို့အနီးဝန်းကျင်သို့ရောက်ရှိနေသည့် တပ်မတော် စစ်ကြောင်း အနေဖြင့်လည်း စိတ်ဓာတ်ကျဆင်းစွာ ဖရိုဖရဲဖြင့် သီပေါမြို့၏ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးလျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား ထက်ကြပ်လိုက်လံတိုက်ခိုက်ချေမှုန်းလျက် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ၃၄ ကီလိုမီတာအကွာအဝေးအား အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ စစ်ဆင်ရေးကာလ ၁၆ ရက်တာ ကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးခုနစ်ကြိမ်၊ ထိတွေ့မှုပေါင်း ၂၁ ကြိမ် စုစုပေါင်း ၂၈ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၃ လောင်း၊ လက်နက်ခုနစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၁၇ သို့** ✪




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သီပေါမြို့အား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။



အောင်ပွဲရ တပ်မတော်သားများအား သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနေသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျင်သီတံတား မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျင်သီတံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းများအား ဖော်ထုတ်ရှင်းလင်းရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ပေါ်ကြိုဘုရားကြီးနေရာတစ်ဝိုက် ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ကျင်သီတံတားအား ပြန်လည်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။

❂ စာမျက်နှာ ၁၆ မှ

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ စိတ်ကူးယဉ် အိပ်မက်ဖြစ်သည့် ပလောင်ပြည်နယ် ရရှိရေးတွင် တစ်ခုအပါအဝင်ဖြစ်သော သီပေါမြို့ကိုလည်း တပ်မတော်က ထပ်မံ၍ အောင်မြင်စွာ ပြန်လည်သိမ်းပိုက် နိုင်ခဲ့သည့်အတွက်လည်း၎င်းတို့၏ စိတ်ကူးယဉ် အိပ်မက်များ ဝေးသည်ထက်ဝေးကွာကာ ခေါင်းဆောင်ပိုင်းမှအစ လက်အောက်အဆုံး လက်နက်ကိုင်သူတိုင်းနီးပါး စိတ်ဓာတ်များ အကြီးအကျယ် ကျဆင်းစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးလျက်ရှိသကဲ့သို့ အချို့အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့ဝင်များ အနေဖြင့်လည်း နီးစပ်ရာ တပ်မတော် စစ်ကြောင်းများထံ ဆက်သွယ်၍ အလင်းဝင်ရောက်လျက်ရှိကြောင်း သိရသည်။

TNLA အကြမ်းဖက်သောင်းကျန်းသူများသည် သီပေါမြို့မှ ဆုတ်ခွာထွက်ပြေးစဉ် နောင်ချိုမြို့နှင့် ကျောက်မဲမြို့များတွင် လုပ်ဆောင်ခဲ့သည့် ၎င်းတို့၏ အကြမ်းဖက်လမ်းစဉ် နည်းလမ်းအတိုင်း လုပ်ဆောင်လျက်ရှိသည့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် သီပေါမြို့ရှိအကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ သီပေါဟိုတယ်အပါအဝင် အခြားဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များအား ရက်စက်ယုတ်မာရိုင်းစိုင်းစွာ မီးရှို့ထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ ခေတ္တထိန်းချုပ်စဉ်ကာလအတွင်း မြို့/ရွာများအတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့်လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ် တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများနေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်း သူများသည် တပ်မတော် စစ်ကြောင်းများနှင့် တိုက်ပွဲများ ဖြစ်ပွားစဉ်ကာလအတွင်း ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းကြောင်းတစ်လျှောက်ရှိ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာကျော်ရှေးဟောင်း မီးရထားလမ်းတံတား တစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းတံတားအပါအဝင်အများပြည်သူ အဓိကသွားလာအသုံးပြုလျက်ရှိသည့် တံတားကြီး/ငယ်များအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊ လမ်းများ ပိတ်ဆို့တားဆီးခြင်းများ လုပ်ဆောင်ခဲ့သဖြင့် တပ်မတော် စစ်ကြောင်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ ပြန်လည်ပြုပြင်ခြင်းနှင့် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ သီပေါမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း တပ်မတော်စစ်ကြောင်းများကို အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ပင် သီပေါမြို့မှ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသား မိဘပြည်သူများ ပြည်ဝင်ရောက်၍ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှု ယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ရာ ပြည်သူလူထု၏ လူမှုဘဝ တိုးတက်မြင့်မားရေး လုပ်ငန်းများ ပြန်လည် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသကဲ့သို့ပင် မြန်မာတစ်ပြည်လုံးရှိပြည်သူများကလည်း ယခုကဲ့သို့ တပ်မတော်၏ အောင်မြင်မှုများအတွက် ထပ်တူဂုဏ်ယူဝမ်းမြောက်လျက်ရှိပြီး ရှေ့တန်းရောက် တပ်မတော်သားများအတွက် နိုင်ငံတစ်ဝန်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများအား ပေးပို့လှူဒါန်းလျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ရှေ့တန်းရောက်တပ်မတော်သားများ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက် နိုင်ခဲ့သည့်အတွက် ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-သီပေါ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်စည်ကူးသန်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြန်လည် လုပ်ဆောင်နိုင်တော့မည်ဖြစ်သည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**


အကြမ်းဖက်သောင်းကျန်းသူများက ကျင်သီတံတားအား မိုင်းထောင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် အလောင်း/လက်နက်များကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


တပ်မတော်စစ်ကြောင်းများက သီပေါမြို့ရှိ မြို့နယ်ပညာရေးမှူးရုံးအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


တပ်မတော်စစ်ကြောင်းများက သီပေါမြို့ရှိ အားကစားနှင့်ကာယပညာဦးစီးဌာနအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ အကျဉ်းထောင်အား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ အကျဉ်းထောင်အား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ ရုံး/ဌာနအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


နိုင်ငံတစ်ဝန်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများအား ပေးပို့လှူဒါန်းမှု မှတ်တမ်းဓာတ်ပုံ။

# ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ



တောင်ကြီး အောက်တိုဘာ ၁၇

ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးနည်းပညာပေးဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ စန်းစန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးသာမက ထွက်လာသည့်သီးနှံများ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအရေးကြီးလာမှုကို တွေ့ရှိရပါကြောင်း၊ သီးနှံထုတ်လုပ်မှုတွင် ပြည်ပပို့ကုန်သီးနှံများ၊ ပြည်တွင်းစားသုံးသည့်သီးနှံများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းလျော့နည်းသည့် သီးနှံများကို ထုတ်လုပ်နိုင်မှသာ နိုင်ငံတကာဈေးကွက်တွင်လည်း ယှဉ်ပြိုင်နိုင်၍ ဈေးကောင်းရရှိမည်ဖြစ်ပြီး ပြည်တွင်းစားသုံးသူအတွက်လည်း ဘေးအန္တရာယ်ကင်းရှင်းမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန၏ အကြံပြုချက်များကိုလိုက်နာရန်လိုအပ်ပါကြောင်း၊ ဆွေးနွေးချက်များကိုသိရှိပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။


ထို့နောက် ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်းက နည်းပညာဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးနည်းပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားသည်။ တောင်သူများက လိုအပ်ချက်များတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော အသိပညာပေးစာအုပ်များ၊ လက်ကမ်းစာစောင်များ၊ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာရှင်များက ပညာပေးဆွေးနွေးပို့ချကြသည်။ ပညာပေးဆွေးနွေးပွဲတွင် တောင်ကြီး၊ ရပ်စောက်၊ ညောင်ရွှေ၊ လွိုင်လင်၊ ပင်လုံ၊ လင်းခေးတို့မှတောင်သူ ၂၅၀ တက်ရောက်ကြကြောင်းနှင့် အောက်တိုဘာ ၁၈ ရက်၌ ကလောမြို့နယ်တွင် ကလော၊ ပင်လောင်း၊ ပင်းတယ၊ ရွာငံရှိတောင်သူများအား ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ၂၀၂၅ ခုနှစ်အတွက် စားရေရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးဆိုင်ရာညီလာခံသို့ တက်ရောက်



နေပြည်တော် အောက်တိုဘာ ၁၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟဲနန်ပြည်နယ် ကျန်းကျိုးမြို့၌ အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ်အတွက် စားရေရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးဆိုင်ရာ ညီလာခံနှင့်ဆက်စပ် အစည်းအဝေးများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် တက်ရောက်ခဲ့သည်။

ဒုတိယ ဝန်ကြီးသည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် အာဆီယံ-တရုတ်ဗဟိုဌာန၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Shi Zhongjun နှင့် လည်းကောင်း၊ ဟဲနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Zhou နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းပြီး မျိုးကောင်းမျိုးသန့်များ သုတေသနပြု ထုတ်လုပ်နိုင်ရေး၊ မြန်မာနိုင်ငံတွင် အဆင့်မြင့်နည်းပညာများ ပေါင်းစပ် အသုံးပြုနိုင်သည့် လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်၍ ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရေးတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဆည်မြောင်းနှင့် ရေပေးဝေမှုနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အင်ဂျင်နီယာဆိုင်ရာ နည်းပညာများ၊ စိုက်ပျိုးရေးနည်းပညာများ ပူးပေါင်းဖလှယ်မှု အစီအစဉ်အရ နည်းပညာ ဆွေးနွေးပွဲများ၊ သင်တန်းများ ပိုမိုပို့ချပေးနိုင်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆည်မြောင်းနှင့် ရေအရင်းအမြစ်ကဏ္ဍများနှင့်ပတ်သက်သည့် ဘာသာရပ်များတွင် ဒီပလိုမာနှင့် ဘွဲ့လွန်ဒီဂရီပညာသင်ဆုများ ဆည်းပူးနိုင်ရေး ပိုမိုဆောင်ရွက်ပေးရန် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ညနေပိုင်းတွင် ဟဲနန်ပြည်နယ် ပါတီ ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော် အမြဲတမ်းကော်မတီဥက္ကဋ္ဌက တက်ရောက်လာသော အာဆီယံနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပါတီ ကော်မတီအတွင်းရေးမှူး တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယ ဝန်ကြီးသည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ်အတွက် စားရေရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးဆိုင်ရာ ညီလာခံကျင်းပမည့် Zhengzhou International Convention and Exhibition Center ၌ ခင်းကျင်းပြသထားသော ပြခန်းများအား လေ့လာပြီး ညီလာခံတွင် အမှာစကားပြောကြားရာတွင် “ဒစ်ဂျစ်တယ်နည်းပညာဖြင့် စားရေရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု၊ ဆန်းသစ်တီထွင်မှုဖြင့် ဒေသတွင်းတိုးတက်မှု” ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပသည့် ယနေ့ညီလာခံသည် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသည့် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုပူးပေါင်း ဆောင်ရွက်မှုများကို ထင်ဟပ်စေကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရန် မဏ္ဍိုင်သုံးခုဖြစ်သည့် (က) မူဝါဒဆိုင်ရာဆွေးနွေးမှုနှင့် နည်းပညာဖလှယ်ခြင်း၊ (ခ) ပူးပေါင်းဆန်းသစ်တီထွင်မှု သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ (ဂ) ဈေးကွက်ပေါင်းစည်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးတို့အပေါ် အလေးထား ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအခြေခံကောင်းနှင့် စိုက်ပျိုးနည်းပညာတီထွင်ဆန်းသစ်မှုများ ရှိသော ဟဲနန်ပြည်နယ်သည် ပူးပေါင်းဆောင်ရွက်မှုများအတွက် ဒေသကောင်း၊ နေရာကောင်းတစ်ခုလည်းဖြစ်ပါကြောင်း၊ ခေတ်မီစနစ်ကျသည့် စိုက်ပျိုးရေးကို မြှင့်တင် ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ကြိုးပမ်းအားထုတ်မှုများကို ချီးကျူးပါကြောင်း၊ ဒေသအလိုက် ကိုက်ညီဆီလျော်အောင် စားရေရိက္ခာဖူလုံရေးအတွက် ဖြေရှင်းသည့် နည်းလမ်းများကို အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံအကြား ပူးပေါင်းကြိုးပမ်းမှုများအတွက် ကြိုဆိုပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် Seminar on ASEAN–China (Henan) Smart Agriculture Development Exchanges သို့ ပါဝင်တက်ရောက်ပြီး ကျန်းကျိုးမြို့ မြို့တော်ဝန်နှင့် တွေ့ဆုံ၍ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

အောက်တိုဘာ ၁၄ ရက်တွင် ဒုတိယဝန်ကြီးသည် ဟဲနန်ပြည်နယ် ချင်းရှန့် (Xinxing) မြို့ရှိ ဟဲနန်စိုက်ပျိုးရေးနှင့် ဆိုင်သော ရင်းနှီးမြှုပ်နှံမှုအဖွဲ့ပိုင် Central–China Agricultural Valley ရှိသုတေသနဆောင်ရွက်မှုလုပ်ငန်းများနှင့် မှန်လုံအိမ်အတွင်း စိုက်ပျိုးထားသော သုတေသနစိုက်ခင်းများကို လေ့လာကြည့်ရှုခဲ့သည်။ သုတေသနစင်တာတွင် အဓိကလုပ်ငန်းရှစ်ခုဖြစ်သော နှံစားသီးနှံများ၊ ဆီထွက်သီးနှံများ၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ၊ မှိုပန်းမန်များ၊ တိုင်းရင်းဆေးဖက်ဝင်အပင်များ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ရေထွက်ကုန်မွေးမြူရေး လုပ်ငန်းများအား သုတေသနပြု ဆောင်ရွက်လျက်ရှိပြီး ဂျုံနှင့် ပဲပုပ်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအား အဓိကသုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ကျန်းကျိုးမြို့ရှိ ဆန်ကွမ်း(Sanquan) အစားအသောက် ထုတ်လုပ်မှုကုမ္ပဏီတွင် အစားအသောက်များ ထုတ်လုပ်နေမှုနှင့် သုတေသနဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုခဲ့ပြီး အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် မြစ်ဝါမြစ်မှ ကျန်းကျိုးဒေသအတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေပေးဝေခြင်းလုပ်ငန်း စီမံဆောင်ရွက်ထားမှုများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ ဆီထွက်သီးနှံ(မြေပဲ)ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိရေး နည်းပညာပေးသင်တန်းနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနား ကျင်းပ

ညောင်လေးပင် အောက်တိုဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်အတွင်းရှိဆောင်းဆီထွက်သီးနှံ (မြေပဲ)စိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများအား ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိရေးအတွက် ညောင်လေးပင်မြို့နယ် သမဝါယမဦးစီးဌာနကကြီးမှူးပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ နည်းပညာပေးသင်တန်းပို့ချခြင်းနှင့် မျိုး၊ သွင်းအားစုပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှမြင့်၊ ခရိုင်နှင့် မြို့နယ်အဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်က အမှာစကားပြောကြားပြီး မျိုး(မြေပဲ)နှင့် သွင်းအားစုများပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ညောင်လေးပင်မြို့နယ်မှ သင်တန်းသား ၃၇ ဦး၊ ဒိုက်ဦးမြို့နယ်မှ သင်တန်းသား ၂၅ ဦး၊ ကျောက်တံခါးမြို့နယ်မှ သင်တန်းသား၂၀ စုစုပေါင်း သင်တန်းသား ၈၀ တက်ရောက်ကြပြီး



သင်တန်းနည်းပြဆရာများက စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံတွင်နေထိုင်ပြီး အကြမ်းဖက်အုပ်စုများနှင့်ဆက်သွယ်ကာ နိုင်ငံတော်ကို ဆန့်ကျင်၍ အကြမ်းဖက်အုပ်စုများအား ငွေကြေးထောက်ပံ့မှုပြုလုပ်သည့်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ပနိုင်ငံတွင်နေထိုင်ပြီး အကြမ်းဖက်အုပ်စုများနှင့်ဆက်သွယ်ကာ နိုင်ငံတော်ကို ဆန့်ကျင်၍ အကြမ်းဖက်အုပ်စုများအား ငွေကြေးထောက်ပံ့မှုပြုလုပ်သည့်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေထိုင်သည့် သူဇာမောင် (ခ) Rashidah Binti Abdul Azeez သည် မလေးရှားနိုင်ငံ၌ မြန်မာမွတ်စလင် ဒုက္ခသည်များကော်မတီ (Myanmar Muslim Refugee Community-MMRC)ကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ယင်းအဖွဲ့အစည်းမှ ရရှိသော ငွေကြေးအကျိုးအမြတ်များဖြင့် အကြမ်းဖက်အုပ်စုဖြစ်သည့် NUG အဖွဲ့ကို ငွေကြေးထောက်ပံ့ခြင်း၊ NUG အဖွဲ့အတွက် ရန်ပုံငွေရှာဖွေပေးခြင်းများ ပြုလုပ်ခဲ့သဖြင့် ၎င်းကို မြစ်သားမြို့နယ် မြစ်သားမြို့မ ရဲစခန်း၌ (ပ)၁၄၀/၂၀၂၂၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)ဖြင့် အမှုဖွင့်ပြီး မြစ်သားမြို့နယ် တရားရုံးသို့ ယင်းဥပဒေပုဒ်မ ၅၂(က)/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် တရားစွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက ရာဇဝတ်အထွေထွေမှုအမှတ် ၉/၂၀၂၃ ဖြင့် လက်ခံစစ်ဆေးပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဖမ်းဝရမ်းထုတ်ဆင့်ခဲ့သည်။



တရားခံ သူဇာမောင်၏ မိသားစုဝင်များ မှတ်တမ်းဓာတ်ပုံ။

ယခုအခါ သူဇာမောင်၊ ၎င်း၏ခင်ပွန်း စောသန်းတင်ဝင်းနှင့် သားသမီး သုံးဦးတို့သည် မြန်မာနိုင်ငံအတွင်း တရားမဝင်ပြန်လည်ဝင်ရောက်လာစဉ် ဖမ်းဆီးရမိသဖြင့် စစ်ဆေးဖော်ထုတ်ချက်အရ သူဇာမောင်သည် MMRC အဖွဲ့ကို ဖွဲ့စည်းပြီး UNHCR နှင့် NGO/INGO အဖွဲ့အစည်းများထံမှ အထောက်အပံ့များရရှိရန် ဆောင်ရွက်၍ ရရှိသောအထောက်အပံ့များကို တရားမဝင်ရွှေ့ပြောင်းလုပ်သားများအား MMRC အဖွဲ့မှ ထောက်ပံ့ကြောင်းလိမ်လည်ကာ အဖွဲ့ဝင်များဖြစ်အောင် စည်းရုံးခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် တရားမဝင် ရောက်ရှိလာသူများကို UNHCR ၏ ဒုက္ခသည်အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ရရှိသည့်ငွေကြေးအကျိုးအမြတ်များကို ၎င်း၏မိသားစုအကျိုးစီးပွားပြုလုပ်ခြင်း၊ အကြမ်းဖက်အုပ်စုဖြစ်သည့် NUG နှင့် ယင်း၏လက်အောက်ခံများကို ငွေကြေးလှူဒါန်းခြင်း၊ ရန်ပုံငွေရှာဖွေပံ့ပိုးခြင်းများပြုလုပ်ကြောင်း တွေ့ရှိရသည့်အတွက် ၎င်းတို့ကိုဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥဿာမြို့သစ် အမှတ်(၄)ရပ်ကွက်နေသူများ ဖြစ်ကြသည့် "Ma Khaing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ခိုင်ခိုင်နွယ်၊ "ဖိုးသူတော် ကိုမင်း ကိုမင်း" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်ထွဋ်မင်း (ခ) မင်းမင်း၊ "Zaw Thu Ya" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဇော်ညီညီ (ခ) ဇော်သူရနှင့် "@user 490397541595" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ကျော်ကျော်လွင်တို့ လေးဦးအား ပဲခူးမြို့ အမှတ်(၃) နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်)မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၂၀ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၅ | ၂၈၅၅ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၁၀ |
| 95 Ron | ၂၇၉၀ | ၂၉၀၅ | ၂၈၇၀ | ၂၈၀၅ | ၂၉၁၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၆၅ | ၄၅၆၀ | ၃၁၅၅ | ၂၈၈၀ | ၂၉၃၅ | ၂၉၅၀ | ၂၉၁၅ | ၂၉၄၀ | ၃၁၉၅ |
| HSD (500 ppm) | ၂၅၆၅ | ၂၅၇၅ | ၂၅၄၅ | ၂၄၈၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၁၅ | ၂၅၃၅ | - | ၂၈၃၀ | ၂၅၅၀ | ၃၁၇၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၁၀ | ၂၈၆၅ |
| HSD (50 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | ၄၈၃၀ | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |
| HSD (10 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | - | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၄ | ၂၆၂၉ |
| 95 Ron | ၂၆၂၉ | ၂၇၁၅ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၆ |
| HSD (50 ppm) | ၂၈၃၂ | ၂၉၁၈ |
| HSD (10 ppm) | ၂၈၃၂ | ၂၉၁၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❋ အာရှဖလားမှ**

နှစ်ပွဲဆက်အနိုင်ရလဒ်ဖြင့် အာရှဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည်။ မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်သည့် အာရှဖလားခြေစစ်ပွဲများတွင် မြန်မာအသင်းများ ရလဒ်ဆိုးရွားနေမှုကို အဆုံးသတ်ပြီး ပထမဆုံးခြေစစ်ပွဲအောင်မြင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း နည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသူ တက်ရှီယိုသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ပြီး ပင်မြင့်ယံ၊ ရှင်းသန့်ဖြူစင်ပြုံး၊ ခိုင်ဇင်မြင့်၊ အယ်အယ်ဆိုင်းထွယ်နန်းစသည့် အမာခံကစားသမားအများစုကို ဆက်လက်အသုံးပြုခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာမူ အနိုင်ရမှ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သောကြောင့် လူစုံအသုံးပြုကာ တိုက်စစ်အားပြုကစားခဲ့သည်။ မြန်မာအသင်းသည် အိမ်ကွင်း၌ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပြီးခါနီးတွင် ရှင်းသန့်ဖြူစင်ပြုံးက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့သည်။

အုပ်စု (C) ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး သုံးမှတ်ရရှိသည့် အင်ဒိုနီးရှားအသင်းနှင့် နှစ်ပွဲစလုံးအရေးနိမ့်သည့် မကာအိုအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် မကာအိုအသင်းကို ခုနစ်ဂိုးပြတ်၊ အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ကန့်ကွက်နိုင်ပါကြောင်း

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၆)၊ ရန်ကုန်မြို့ရှိစာရင်းအမှတ်- **CTO 14234** ဒေါ်မြင့်မြင့်သိန်း၊ (သား) ဦးမျိုးဝင်းသိန်း၊ (ချွေးမ) ဒေါ်ဖြူဖြူအောင်၊ အမှတ် (၄၉၅)၊ သုမိတ္တာ (၁၃)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ချေးငွေများအား ပြေကျေစွာပေးဆပ်ပြီးဖြစ်ပါ၍ သားဖြစ်သူ ဦးမျိုးဝင်းသိန်း [၁၂/ဥကမ(နိုင်) ၀၂၅၃၃၁]မှ မြေငှားဂရန်စာချုပ်မူရင်း ထုတ်ယူခွင့်ပြုပါရန် တင်ပြတောင်းခံလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၆) ချေးငွေဌာနစိတ်သို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်စာချုပ်မူရင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဘဏ်ခွဲမန်နေဂျာ**
**မြန်မာ့စီးပွားရေးဘဏ်**
**ဘဏ်ခွဲ (၆)၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ဒါးပိန်လမ်းခွဲရှိ ကွင်းအမှတ်- ၁၀၃၈၊ ငှက်ပျောတောကွင်း၊ ဦးပိုင်အမှတ် (၁၇/၁)၊ (ရှေ့မျက်နှာ၁၀) အနံ ၅၀ ပေx အလျား ၈၅ ပေအနက်မှ (ရှေ့မျက်နှာ၁၀) အနံ ၁၅ပေx အလျား ၈၅ ပေရှိ ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိဘဲ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးမြင့်စိုး (ဘ) ဦးကာစီ [၁၂/လကန(နိုင်) ၁၁၉၆၂၀]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်နွေရည်လွင်ဦး**က ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုဆိုင်ရာစာရွက်စာတမ်း**(မူရင်း)**များနှင့်အတူ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်နွေရည်လွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူခိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၆၂၆/၂၄-၁၀-၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊**
**လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-795482460, 09-420298613**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၅)၊ ဦးပိုင်အမှတ်(၈၅)၊ ၇၀လမ်း၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီရိမွန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၉၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းပွင့်ထွန်း [၉/ခအဇ (နိုင်) ၀၁၄၄၉၀]က အမှုတွဲအမှတ်(၃၀၅၆/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၄)၊ ဦးပိုင်အမှတ်(၂၃)၊ ၇၁(စီ)လမ်း၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရှုးမောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၁၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေသီတာဝင်း [၉/မရမ (နိုင်) ၀၂၀၀၅၆]က အမှုတွဲအမှတ်(၃၀၅၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်- ဝ-၆၊ ဦးပိုင်အမှတ် (၁၇)၊ ၁၁၅ လမ်း၊ ၆၉x၇၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ဝေမြင့်၏ (SP ရရှိသူ ဦးထွန်းမြင့်အောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၃၆၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းထွေး [၈/ထလန(နိုင်)၀၂၁၃၉၁]က အမှုတွဲအမှတ်(၃၀၅၃/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၂၇)၊ ဦးပိုင်အမှတ် (၁၇)၊ ၁၂၃x၁၂၄ ကြား၊ ၄၉x၅၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်မာ၏ (SP ရရှိသူ ဦးအောင်လှိုင်မင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၈၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လောက်ရှန်း [၁၃/လရန(နိုင်) ၁၁၆၀၈၁]က အမှုတွဲအမှတ် (၃၀၅၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ စွာညီလမ်း၊ မြေကွက်အမှတ်(၆၁၆) အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးကိန်ကြောင် (၁၂/အလန(နိုင်) ၀၁၄၉၁၇)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါမြေနှင့်အိမ်အား မြေအမည်ပေါက်ခင်ပွန်းကွယ်လွန်ပြီးဖြစ်သဖြင့် အမွေဆက်ခံခွင့်ဥပဒေအရဇနီးဖြစ်သူ ဒေါ်အမီ(ခ)ဒေါ်တင်တင်နွဲ့(၁၂/အလန(နိုင်) ၀၃၇၉၉၂၀) ကတရားဝင်အမွေဆက်ခံလာပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသက်လွင် (၇/ကဝန (နိုင်) ၁၁၄၂၂၅) က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်တွင်တည်ရှိသော အဆင့်မြင့် တညင်းကုန်းလက်ကားဈေးဝင်းရှိ (၂)ခန်းတွဲ (၃ ထပ်) Shop House Building၊ တိုက်အမှတ် (B-33) ၏ (ဝဲဘက်ခြမ်း) ပထမထပ်၊ အခန်းအမှတ် (A-101) အကျယ်အဝန်း (၁၈' ၁၀''x၅၈')ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားလျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးဝင်းမျိုးသန့် [၁၂/ဗဟန (နိုင်) ၀၉၀၅၀၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၄၂-က)၊ ၅၇x၅၈ ကြား၊ ၃၉x၄၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းငွေ၊ ဒေါ်ရီရီဝင်း တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၄၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်း[၉/မထလ(နိုင်)၀၂၀၀၇၅]က အမှုတွဲအမှတ် (၃၀၇၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ မြို့သစ်(၅) ရပ်ကွက်၊ အကွက်အမှတ် (က-၃)၊ ဦးပိုင်အမှတ် (၄၇)၊ (၆၈-B)လမ်း၊ ၁၁၀x၁၁၁ လမ်းကြားရှိ၊ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းအောင် [၉/မနတ(နိုင်)၀၄၈၈၇၄]က အမှုတွဲအမှတ် (၃၀၄၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၁ ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင်အမှတ်(၄၃)၊ ၆၃လမ်း၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၃၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကေသွယ်နိုင်[၉/မရမ(နိုင်)၀၀၃၈၈၁]၊ ဦးသူရနိုင်[၉/မရမ(နိုင်)၀၀၃၈၈၂]၊ ဒေါ်အေးမြတ်သူ[၉/ခအဇ(နိုင်)၀၀၄၀၈၉]တို့က အမှုတွဲအမှတ် (၃၀၆၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၆)၊ ဦးပိုင်အမှတ်(၆၆)၊ ၆၈လမ်း၊ ၁၁၅(B)လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဆွေသိန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၆၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာဝင်း [၅/ကလတ (နိုင်) ၁၁၀၄၁၃]က အမှုတွဲအမှတ်(၃၀၅၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အထက(၁) ကျိုက်ထို Grade-11(1-B)မှ မကြယ်စင်လင်းလက်၏ မိခင်အမည်မှန်မှာ ဒေါ်သီတာထွန်း [၁၀/ကထန(နိုင်)၀၀၀၁၂၁] ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (ယ-၁)၊ ဦးပိုင်အမှတ်(၈၅)၊ ၇၃(စီ)လမ်း၊ မြဝတီမင်းကြီး x ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်စိုး၏ (SP ရရှိသူ ဒေါ်ညိုမီချမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၂၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်လင်းအောင် [၉/ပကခ (နိုင်)၀၂၈၁၈၅]က အမှုတွဲအမှတ် (၃၀၅၉ / ၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၄)၊ ဦးပိုင်အမှတ် (၁၄)၊ ၇၀x၇၁ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ထွေး၏ (SP ရရှိသူ ဒေါ်ယဉ်ယဉ်ကျော်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၂၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်လင်းအောင် [၉/ပကခ (နိုင်) ၀၂၈၁၈၅]က အမှုတွဲအမှတ် (၃၀၆၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (H-၂၀၂)၊ ဦးပိုင်အမှတ် (၈)၊ ၁၃၆(A)လမ်း၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းငွေ၏ (SP ရရှိသူ ဦးမြင့်ထူးအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၃၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်လင်းအောင် [၉/ပကခ (နိုင်) ၀၂၈၁၈၅]က အမှုတွဲအမှတ် (၃၀၆၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်အိမ်ရာအတွင်းရှိ The Ren အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂၊ လမ်းအမည် - Lotus Hill Way၊ မြေကွက်အမှတ်- ၁၉၃/၆၆-40 E၊ အကျယ်အဝန်း (၆၂၂၁)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်- Lot-336၊ (TR-3)၊ အကျယ်အဝန်း (၅၆၅၇) စတုရန်းပေရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသော YOMA Development Group Limited ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို Paradise Land Properties Services Co., Ltd. က ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

### အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၄)၊ ရွှေလီလမ်းနှင့် ပုဏ္ဏမီလမ်းထောင့်၊ ပုဏ္ဏမီအိမ်ရာစီမံကိန်း၊ ငှါ(၃)လမ်း၊ မြေကွက်အမှတ်(၃/၁/B-၅၃)တွင် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်သက်တမ်းပါ ပါမစ်မြေအမျိုးအစား၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်အမည်ပေါက် Snow Garden Development Co.,Ltd ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသန်းအောင်(၁၂/လမတ(နိုင်)၀၀၉၁၀၂) နှင့် ဒေါ်စုစုရီ (၁၂/ဒဂန(နိုင်)၀၀၀၀၅၇)တို့မှ မြေဝယ်ယူခြင်းအတွက် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားတင်ပြ၍ (၃)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂/၂)၊ ဦးပိုင်အမှတ် (၁၁၅)၊ မြို့ပတ်(၈)လမ်းသွားအရှေ့ဘက်၊ ညောင်စဉ်ကျောင်းတိုက်အနီးရှိ မြေကွက်အား အစဉ်တစိုက်နေထိုင်သူ ဦးအောင်ကျော်သန်း [၉/မခန (နိုင်) ၁၄၄၇၇၄]က အမှုတွဲအမှတ် (၃၀၇၅/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၀)၊ ဦးပိုင်အမှတ်(၂၈)၊ ၄၇x၄၈ ကြား၊ ၁၂၆x၁၂၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးအောင် [၈/ပခက (နိုင်)၀၀၉၀၆၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-ဒရပ်ကွက်၊ အကွက်အမှတ်(မ-၂၂)၊ ဦးပိုင်အမှတ်(၆)၊ ၆၅x၆၇ ကြား၊ ၄၃လမ်းx သိပ္ပံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်အောင် [၉/မရမ (နိုင်) ၀၁၆၉၅၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၄)၊ ဦးပိုင်အမှတ်(၁၇-အ/၁၄)၊ ၁၅x၁၆ ကြား၊ ၈၆(A) လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ AN WAR [၉/အမဇ(ပြု) ၀၀၀၂၅၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၆၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဂေါ်ဆန်ဆင်း [၁၃/လရန(နိုင်) ၀၇၃၂၆၉]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | သံချောင်းလုံးအရွယ်စုံ | 2 Lots(၁၈၀ တန်) |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၁-၁၀-၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၃၁-၁၀-၂၀၂၅ ရက်နေ့ (၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ဦးရွှေစိုးလမ်းနှင့် မဏိမေခလာလမ်းထောင့်၊ မြေကွက်အမှတ်(၄၇+၄၈)၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၆ဘီ+ဘီ၁)၊ တိုက်အမှတ်(၂၅/၂၇)၊ အခန်းအမှတ်(A-5/A-6)၊ ၆-ထပ်တိုက်၏စတုတ္ထထပ်နှင့် ပဥ္စမထပ် တိုက်ကိုမျက်နှာမူလျှင်(လက်ယာဘက်)တိုက်ခန်း၊ အကျယ်အဝန်း (အလျားx အနံ) (၁၂ ½ x ၅၀)ပေရှိ ရေ၊ မီးအစုံပါ တိုက်ခန်းနှစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်ဝင်း [၁၂/လမတ(နိုင်)၀၂၈၇၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖိုးဝင်း [၁၀/မလမ(နိုင်)၁၆၈၁၂၆]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ(စရန်ငွေအချို့)ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဝင်း (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၅)**
**အမှတ်-(17/21)၊ မြေညီထပ်၊ ၃၅-လမ်း(အောက်)၊**
**(၃)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၅၄၉၈၉၉၊၀၉-၇၆၂၂၈၃၆၅၆**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၁)၊ စက်မှုဇုန် (၆)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်တွင် တည်ရှိသော **MYANMAR INDO BEST COMPANY LIMITED** သည် အောက်ပါကုန်အမှတ်တံဆိပ်များကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် မူပိုင်အဖြစ်သုံးစွဲရန် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်-

(၄/၇၉၅၃/၂၅)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် **"RED PANDA"** လိုဂိုအမှတ်တံဆိပ်ဖြင့် အစားအသောက်များ အကင်၊ အကြော်၊ အလှော်၊ ချက်ပြုတ်ရာတွင် အရသာပိုမိုကောင်းမွန်စေရန် အသုံးပြုသော စားသောက်ကုန်ပစ္စည်းများဖြစ်သည့် **"ပဲငံပြာရည် အပျစ်၊ ပဲငံပြာရည် အကျဲ၊ ငါးငံပြာရည်၊ ပုစွန်ငံပြာရည်၊ ကင်းမွန်ငံပြာရည်၊ ခရုဆီ၊ ရှာလကာရည်၊ ငရုတ်ဆီ"** စသည့် စားသောက်ကုန်အမျိုးမျိုးတို့ပေါ်တွင် ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ထည့်သွင်း၊ ထုပ်ပိုးပစ္စည်းများဖြစ်သည့် ဘူးခွံဒီဇိုင်းမျိုးစုံ၊ အရောင်ကာလာမျိုးစုံ၊ စက္ကူရွက်၊ စက္ကူပတ်၊ ပလတ်စတစ်အိတ်မျိုးစုံတို့ဖြင့် လှပတင့်တယ်အောင်ထုပ်ပိုး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြားအရပ်ရပ်သို့ လက်လီလက်ကား ဖြန့်ဖြူး တင်ပို့ ရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို **MYANMAR INDO BEST COMPANY LIMITED** ၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ ပုံတူပုံမှား ပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ခြင်း၊ အခြားသောနည်းပညာတစ်ရပ်ရပ်ဖြင့် တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက ကျွန်ုပ်မိတ်ဆွေ၏အကျိုးစီးပွား ထိခိုက်နစ်နာ ဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်စရိတ်ငွေကြေးများနှင့်တကွ လျော်ကြေးကိုပါ တောင်းခံနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်သည့် ကုန်အမှတ်တံဆိပ်အမှတ်အသားကို ပယ်ဖျက်သည်အထိ တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုအောင် (LL.B. D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊**
**(၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၈၀၀၅၅၄**

တရားမပုံစံအမှတ် ၃၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကျိုက်ထိုခရိုင် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅

| | | |
|---|---|---|
| မချစ်အိမ်စံ(အရွယ်မရောက်သေးသူ)<br>(၎င်း၏အုပ်ထိန်းသူမိခင် ဒေါ်ဇင်မာဦး) | နှင့် | ၁။ ကိုမင်းခန့်ကျော်<br>၂။ ဦးကျော်မျိုးလင်း<br>၃။ ဒေါ်ရွှေစင်ငွေ |
| **တရားလို** | | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (၁)တရားပြိုင် ကိုမင်းခန့်ကျော် (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မချစ်အိမ်စံ (အရွယ်မရောက်သေးသူ)(၎င်း၏အုပ်ထိန်းသူမိခင် ဒေါ်ဇင်မာဦး)က "ထိမ်းမြားလက်ထပ်မင်္ဂလာဆောင်ပေးရန် ကတိပျက်ကွက်သည့်အတွက် လျော်ကြေးငွေ သိန်း(၆၀၀)ကျပ်ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မွန်ရည်အေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုက်ထိုခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၉

| | | |
|---|---|---|
| ၁။ ဦးထွန်းထွန်းဝင်း<br>၂။ ဦးတင်ကိုကို(ကိုယ်တိုင်နှင့် ၃ တရားလို၏ အခွင့်ရကိုယ်စားလှယ်)<br>၃။ ဒေါ်ကျော့ကေသီ | နှင့် | ဗိုလ်မှူး သိန်းထွန်း |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

အမှတ်- ၄၆၁/ခ၊ ရွှေတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနေ (တရားပြိုင်) ဗိုလ်မှူး သိန်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ( ၁၆ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၁၆၅၊ မြေကွက်တည်နေရာအမှတ်-၁၆၅၊ ရတနာသုခ(၂)လမ်း၊ ၄၆-ရပ်ကွက်၊ ဒဂုံမြောက် ဦးစိုးဝင်း (CF-၀၉၂၉၅၆) [၁၂/ပဇတ(နိုင်)၀၁၄၉၄၈] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးစိုးဝင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်အုန်းကြည် [၁၂/ပဇတ(နိုင်)၀၁၇၆၆၄]မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မိမိသာ တရားဝင်ပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ သွပ်မိုးအိမ်သေးနှစ်လုံးရှိပြီး လျှောက်ထားသူနေထိုင်ခြင်းမရှိဘဲ ခြံသော့ဖွင့်ပြကာ ကွင်းဆင်းဖောင်တွင် သိရှိကြောင်းလက်မှတ်ရေးထိုးပေးပြီး အမည်ပေါက်ဖခင်အမည်မှာ တင်ပြဂရန်နှင့် သေစာရင်းတွင် ဦးမာလာ၊ တင်ပြအိမ်ထောင်စုစာရင်းတွင် ဦးကလာဟု ကွဲလွဲနေခြင်းအား အမည်ပေါက်၏ဖခင်အမည်မှာ ဦးမာလာနှင့် ဦးကလာမှာ တစ်ဦးတည်းဖြစ်ကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူကြောင်း ဌာနဝင်စာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် ဒေါ်ခင်အုန်းကြည်မှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုံ(၂) မြေကွက်အမှတ်-၂၃၊ ဧရိယာ-၁.၂၃၂၈ဧကအကျယ်အဝန်းရှိ နှစ်(၆၀)စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုံ(၂)၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်-၂၃ ဟုခေါ်တွင်သည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိန်လင်း (၁၂/လသန(နိုင်)၀၂၀၃၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများ အနက်မှတစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၂၆၀)၊ အကျယ်အဝန်း (၄၀ x ၆၀) ပေအကျယ်ရှိ မြေကွက်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဗိုလ်မှူးမျိုးမြင့်သောင်းအမည်ဖြင့် ချထားပေးသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ယခုရောင်းချသူမှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထား၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်ကျော်မိုး(ဘ) ဦးဖေကြိုင် [၅/မရန(နိုင်)၀၁၆၄၄၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်မင်းထွန်း(ဘ)ဦးကြွယ် [၁၂/ဒပန(နိုင်)၀၁၆၈၀၇]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးသန္တာ (LL.B)** | **ဒေါ်ဖြူမြတ်သွယ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၉၇၉၉/၂၀၁၄)** | **(စဉ် - ၈၉၇၇/၂၀၁၃)** |
| **၀၉ - ၄၂၀၁၉၂၈၂၅** | **၀၉ - ၅၁၃၂၆၄၇** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊**
**အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၁)၊ စက်မှုဇုန် (၆) လမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပ စက်မှုဇုန်တွင်တည်ရှိသော **MYANMAR INDO BEST COMPANY LIMITED** သည် အောက်ပါကုန်အမှတ်တံဆိပ်များကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် မူပိုင်အဖြစ်သုံးစွဲရန် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည် -

(၄/၇၉၅၁/၂၀၂၅)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် **"ကြက်တူရွေး"** လိုဂို အမှတ်တံဆိပ်ဖြင့် အစားအသောက်များ အကင်၊ အကြော်၊ အလှော်၊ ချက်ပြုတ်ရာတွင် အရသာပိုမိုကောင်းမွန်စေရန် အသုံးပြုသော စားသောက်ကုန်ပစ္စည်းများဖြစ်သည့် **"ပဲငံပြာရည် အပျစ်၊ ပဲငံပြာရည် အကျဲ၊ ငါးငံပြာရည်၊ ပုစွန်ငံပြာရည်၊ ကင်းမွန်ငံပြာရည်၊ ခရုဆီ၊ ရှာလကာရည်၊ ငရုတ်ဆီ"** စသည့် စားသောက်ကုန်အမျိုးမျိုးတို့ပေါ်တွင် ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ထည့်သွင်း၊ ထုပ်ပိုးပစ္စည်းများဖြစ်သည့် ဘူးခွံဒီဇိုင်းမျိုးစုံ၊ အရောင်ကာလာမျိုးစုံ၊ စက္ကူရွက်၊ စက္ကူပတ်၊ ပလတ်စတစ်အိတ်မျိုးစုံတို့ဖြင့် လှပတင့်တယ်အောင် ထုပ်ပိုး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြား အရပ်ရပ်သို့ လက်လီလက်ကား ဖြန့်ဖြူးတင်ပို့ ရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို **MYANMAR INDO BEST COMPANY LIMITED** ၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ခြင်း၊ အခြားသောနည်းပညာတစ်ရပ်ရပ်ဖြင့် တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက ကျွန်ုပ်မိတ်ဆွေ၏အကျိုးစီးပွား ထိခိုက်နစ်နာ ဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်စရိတ် ငွေကြေးများနှင့်တကွ လျော်ကြေးကိုပါ တောင်းခံနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်သည့် ကုန်အမှတ်တံဆိပ်အမှတ်အသားကို ပယ်ဖျက်သည်အထိ တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊**
**(၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၈၀၀၅၅၄**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ Grade 11(A) တွင် ပညာသင်ကြားနေသော မရှေဟေဖာ(ခ)ငွေးငွေးမြင့်၏ ဖခင်အမည် ဦးမာမောက်ခန့်(ခ) ဦးမောင်မောင်တင် [၁၁/မတန(ပြု)၀၃၅၈၁၀] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။


**အမြဲမြေ**
**အိမ်ခြံမြေအကျိုးဆောင်**
**ဒဂုံ(၄)မြို့နယ်ရှိ**
**မြေကွက်များ**
**ဈေးကောင်းပေးဝယ်သည်။**
**09-670011900**


## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃-အေ၊ မြေကွက်အမှတ်-၅အေ/၇၊ ဧရိယာ(၀.၀၉၁)ဧက၊ မြေကွက်တည်နေရာအမှတ် (၃၉ ဗီ)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးမြညို [၁၂/ဗဟန(နိုင်)၀၁၂၃၅] အမည်ပေါက်မှ နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးမြညိုသည် (၈-၁၂-၂၀၁၅) ရက်နေ့နှင့် (မိခင်) ဒေါ်ရီတင်သည် (၁၉-၈-၂၀၁၈) ရက်နေ့တို့တွင် အသီးသီးကွယ်လွန်သဖြင့် ၎င်း၏သားသမီးများဖြစ်သော ဦးမြသက်အောင် [၁၂/ဗဟန(နိုင်)၀၂၁၃၀၆]၊ ဒေါ်မြသီတာ [၁၂/ဗဟန(နိုင်)၀၂၁၃၁၀]၊ ဦးညိုထွန်းအေး [၁၂/ဗဟန(နိုင်)၀၂၀၆၅၄]တို့မှ ၎င်းတို့(၃)ဦးသာ မွေးဖွားခဲ့ပြီး ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်းနှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ မှတ်ပုံတင်အမှတ်-၁၂၁၈/၂၀၂၅ (၂၇-၈-၂၀၂၅) ရက်နေ့ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးမြညိုနှင့် ဒေါ်ရီတင်တို့၏ သေဆုံးမှုမှတ်တမ်းများ၊ နှစ်(၆၀)ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဒသမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

လျှောက်လွှာတင်သွင်းရမည့်ရက် - ၂၁-၁၀-၂၀၂၅ ရက်နေ့မှ ၃၁-၁၀-၂၀၂၅ ရက်နေ့ထိ

အစမ်းလေ့ကျင့်မည့်ရက် - ၇-၁၁-၂၀၂၅ (သောကြာနေ့)၊ နံနက် (၉:၀၀) နာရီ

ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - ၉-၁၁-၂၀၂၅ (တနင်္ဂနွေနေ့)၊ နံနက် (၉:၀၀) နာရီ

ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ - ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ

၂။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် နောက်ဆုံးနှစ်ဘွဲ့စာမေးပွဲများ၊ ဘွဲ့လွန်ဒီပလိုမာစာမေးပွဲများနှင့် မဟာဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၂၁-၁၀-၂၀၂၅ ရက်နေ့မှ ၃၁-၁၀-၂၀၂၅ ရက်နေ့အတွင်း (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနခွဲတွင် သတ်မှတ်လျှောက်လွှာပုံစံထုတ်ယူပြီး လွန်ခဲ့သည့်(၃)လအတွင်း ရိုက်ကူးထားသော (၂ လက်မ x ၁.၅ လက်မအရွယ်) ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲ၍လျှောက်ထားရမည်။ ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ဖြင့် လျှောက်ထားရမည်။

၄။ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့လျှောက်ထားသူများသည် ပထမဘွဲ့၏ ဘွဲ့လက်မှတ်မိတ္တူကိုပါ တစ်ပါတည်း ထည့်သွင်းလျှောက်ထားရမည်။

၅။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့ကို အပြည့်အစုံဝတ်ဆင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၆။ ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲသို့ တက်ရောက်ခွင့်ပြုသည့်လက်မှတ်ကို ၅-၁၁-၂၀၂၅ ရက်နှင့် ၆-၁၁-၂၀၂၅ ရက်နေ့များတွင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ဘက်စုံသုံးခန်းမတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ဖုန်း-၀၉-၂၅၆၀၄၀၀၀၄ တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာဌာန**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇)ရပ်ကွက်၊ အမှတ်(၄၁၉)၊ (၄၀ပေx၆၀ပေ)ရေိယာအကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဒေါ်ခင်ခင်မြင့် (ISN-၅၄၃၄၄၀) [၁၂/အစန(နိုင်)၁၁၆၉၂၆]အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မိုးအောင် [၁၂/သလန(နိုင်)၀၀၀၀၄၇]မှ အဆိုပါမြေကွက်အား မိမိမှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သရဖီ [၁၂/ဥကတ(နိုင်)၁၅၆၁၇၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## “သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် (၁၅၆)နေ ဦးကျော်ဝင်းနိုင် [၆/မအရ(နိုင်)၀၈၅၇၁၂]၏သားမောင်ကောင်းခန့်ပြည့်စုံ [၁၂/အလန(နိုင်)၀၅၃၉၈၃]သည် ဖခင်ဖြစ်သူအားစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူဆောင်ရွက်ပြီး မိဘစကားနားထောင်ခြင်းမရှိသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါသည်။ မောင်ကောင်းခန့်ပြည့်စုံနှင့်ပတ်သက်သော ကိစ္စအဝဝမှာ ဖခင်ဖြစ်သူနှင့် လုံးဝသက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီးမည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
